မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၈ ရက်၊ ၂၀၀၉ ခုနှစ်၊ မတ် ၃ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၈)၊ အမှတ်(၁၅၄)

ဆဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး

ရန်ကုန် မတ် ၂

ဆဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေး နောက်ဆုံးနေ့အဖြစ် ယနေ့နံနက်ပိုင်းရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏောသနက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် ဆရာတော် စာမျက်နှာ ၅ ကော်လံ ၆ ❐

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ ထိုင်းနိုင်ငံ ဟွာဟင်းမြို့ Dusit Thani Hotel ၌ ကျင်းပသည့် (၁၄)ကြိမ်မြောက် အာဆီယံထိပ်သီး သီးသန့်အစည်းအဝေး (Retreat) သို့ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် (၁၄)ကြိမ်မြောက် အာဆီယံထိပ်သီး သီးသန့်အစည်းအဝေးသို့ တက်ရောက်

အာဆီယံအသိုက်အဝန်း လမ်းပြမြေပုံဆိုင်ရာ ကြေညာစာတမ်းကို လက်မှတ်ရေးထိုး

နေပြည်တော် မတ် ၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မတ်၁ရက် နံနက် ၈နာရီခွဲတွင် ထိုင်းနိုင်ငံ ဟွာဟင်းမြို့ Dusit Thani Hotel ၌ ဆက်လက်ကျင်းပသည့် (၁၄)ကြိမ်မြောက် အာဆီယံထိပ်သီး သီးသန့်အစည်းအဝေး(Retreat)သို့ တက်ရောက်သည်။

ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများသည် နံနက် ၈နာရီ ၂၅မိနစ်တွင် (၁၄)ကြိမ်မြောက် အာဆီယံထိပ်သီး သီးသန့်အစည်းအဝေး ကျင်းပမည့် Dusit Thani Hotel သို့ ရောက်ရှိကြရာ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ဆက်သည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

(၁၄)ကြိမ်မြောက် အာဆီယံထိပ်သီး သီးသန့်အစည်းအဝေး မစတင်မီ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများသည် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

တက်ရောက်

ယင်းနောက် (၁၄)ကြိမ်မြောက် အာဆီယံထိပ်သီး သီးသန့် အစည်းအဝေးကို နံနက် ၈နာရီခွဲတွင် Dusit Thani Hotel ရှိ The Royal Dusit Grand Ballroom(B) ၌ ကျင်းပရာ အဆိုပါအစည်းအဝေးသို့ ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ ဘုရင် ဆူလ်တန်ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက် ဟွန်ဆင်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလိုဘန်ဘန်း ယူဒိုယိုနို၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဗွစ်တာ ဘိုဝါဆွန်ဘုဖာဝမ်း၊ မလေးရှားနိုင်ငံ စာမျက်နှာ ၈ ကော်လံ ၁ ✻

ကြေညာစာတမ်း လက်မှတ်ရေးထိုး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ အာဆီယံ အသိုက်အဝန်း လမ်းပြမြေပုံဆိုင်ရာ ကြေညာစာတမ်းကို လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် မတ် ၃ ရက်)

ခေတ်မီစိုက်ပျိုးရေးနည်းပညာများ စွမ်းဆောင်အသုံးချ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းကြိုးပမ်းဖော်ဆောင်

၂၀၀၉ခုနှစ် မတ်လ ၂ရက်နေ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တောင်သူလယ်သမားနေ့ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်၏အမျိုးသားရေး ရည်မှန်းချက်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ဖြစ်ပေါ်လာရေးအတွက် အမျိုးသားစီးပွားရေးဘဝ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် စီးပွားရေးမူဝါဒများ ချမှတ် ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ပထဝီအနေအထား၊ ရာသီဥတုအခြေအနေနှင့် လူ့စွမ်းအားအရင်းအမြစ်များ တည်ရှိမှုအရ လယ်ယာစိုက်ပျိုးရေးကဏ္ဍကိုအခြေခံပြီး အခြားစီးပွားရေးကဏ္ဍများအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်လာရန် စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်၏ ရေမြေသဘာဝသယံဇာတ စွမ်းအားများကို ဖော်ထုတ်မြှင့်တင်၍ စိုက်ပျိုးမြေများ တိုးချဲ့ရေးနှင့် သီးနှံစိုက်စွမ်းအား တိုးတက်ရေးကို အားထုတ်ကြိုးပမ်းခဲ့ရာ ယခင်ကာလက စုစုပေါင်းသီးနှံစိုက်မြေဧက ၁၉ဒသမ၅သန်းရှိခဲ့ရာမှ ယခုအခါ ဧက၂၉ဒသမ၃၂သန်းအထိ တိုးတက်လာခဲ့သည်။

စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ တည်ဆောက်ပေးနိုင်ခဲ့သဖြင့် သီးနှံစိုက်စွမ်းအား ၁၇၄ဒသမ၁ရာခိုင်နှုန်းအထိ မြင့်မားလာခဲ့သည်။ တိုးတက်များပြားလာသည့် စိုက်ပျိုးမြေများကို အပြည့်အဝအသုံးချ ထုတ်လုပ်နိုင်ရေးအတွက် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းလျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရန် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး၊ စိုက်ပျိုးရေနှင့် သန့်ရှင်းသောသောက်သုံးရေ အလုံအလောက်ရရှိရေး၊ ပညာရည်တိုးတက်မြင့်မားရေး၊ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝရရှိပြီး ကျန်းမာရေးအဆင့်အတန်းမြင့်မားရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြစ်ထွန်းပြီး လူမှုစီးပွားတိုးတက်ကောင်းမွန်ရေး စသည့် စီမံကိန်းများကို ချမှတ်ဖော်ဆောင်လျက်ရှိသည်။

သို့ဖြစ်ပေရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ပေါ်ထွန်းရေးကို ရှေးရှုလျက် နိုင်ငံတော်၏ အဓိကစီးပွားရေးကဏ္ဍကြီးဖြစ်သော လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေးအတွက်လည်းကောင်း၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက်လည်းကောင်း၊ တောင်သူလယ်သမားကြီးများက တိုင်းရင်းသားပြည်သူများနှင့် လက်တွဲကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၃-၃-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄း၂၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄း၃၀ ၅။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၄း၄၅ ၆။ ၂၀၀၉ တက္ကသိုလ်ဝင်တန်း စာမေးပွဲအထောက်အကူပြု သင်ခန်းစာ (ပထဝီဝင်)
- ၄း၅၀ ၇။ မျိုးချစ်တပ်မတော်
- ၅း၁၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၅း၂၀ ၉။ မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
- ၅း၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၄။ လျှပ်တစ်ပြက်
- ၆း၃၅ ၁၅။ ကလေးတို့ကမ္ဘာပျော်ရွှင်စရာ
- ၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့နှလုံးသား** (အပိုင်း-၂၈)
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ မွေးမြူသုတ
- ၂၁။ ဗွီစီဒီကျော်ကြားတေးများ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒဏ္ဍာရီထဲက ပုံပြင်လေးတစ်ပုဒ်** (အပိုင်း-၂၅)

လယ်ယာ/ဆည်မြောင်းဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ကုလ ညွှဲအဖွဲ့ တွေ့ဆုံ

နေပြည်တော် မတ် ၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု ရန်ပုံငွေ(The United Nations International Fund for Agricultural Development - IFAD) အဖွဲ့မှ Country Programme Manager Mr. Youqiong Wang နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၂၇ရက် နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကိစ္စများ၌ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

မြောက်ဥက္ကလာပမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် တက္ကသိုလ်ဝင်တန်း လေးဘာသာဂုဏ်ထူးရှင် မောင်သူရထက်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းမြင့်က ဆုချီးမြှင့်စဉ်။ (ပညာရေး)

ကန်တို့၏ဒုံးကျည်ထိမှန်၍ ပါကစ္စတန်၌ လူရှစ်ဦးသေဆုံး

အစ္စလမ္မာဘတ် မတ် ၂

ပါကစ္စတန်နိုင်ငံ တောင်ဝါဇီရစ္စတန်ပြည်နယ် လူမျိုးစုများဒေသတွင် မတ် ၁ရက်က အမေရိကန် မောင်းသူမဲ့လေယာဉ်က ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်သဖြင့် အနည်းဆုံး စစ်သွေးကြွရှစ်ဦး သေဆုံးကြောင်း ပါကစ္စတန် ထောက်လှမ်းရေး သတင်းရပ်ကွက်နှင့် မျက်မြင်တွေ့သူတစ်ဦးက ပြောသည်။

တောင်ဝါဇီရစ္စတန်ပြည်နယ် ကျေးရွာတစ်ရွာအနီးတစ်ဝိုက်ရှိ နေအိမ်တစ်လုံးကို ဒုံးကျည်နှစ်စင်းထိမှန်ပြီး အနည်းဆုံးရှစ်ဦး သေဆုံးကြောင်း သိရသည်။

အမ်အင်န်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ရုရှားဂြိုဟ်တု အာကာသတွင်း အောင်မြင်စွာ လွှတ်တင်

မော်စကို မတ် ၂

ရုရှားနိုင်ငံက စစ်ဘက်ဂြိုဟ်တု တစ်လုံးကို ပရိုတွန်-ကေ ဒုံးပျံဖြင့် ဖေဖော်ဝါရီ ၂၈ရက်က အာကာသအတွင်းသို့ လွှတ်တင်လိုက်ကြောင်း ရုရှားအာကာသစခန်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ကာဇက်စတန်ရှိ ရုရှားဘိုင်ကိုနူး အာကာသစခန်းမှ ဖေဖော်ဝါရီ ၂၈ရက် နံနက်က စစ်ဘက်ဂြိုဟ်တုကို အောင်မြင်စွာလွှတ်တင်နိုင်ကြောင်း သိရသည်။ ပရိုတွန်-ကေ ဒုံးပျံကို ရုရှားနှင့် နိုင်ငံခြားဂြိုဟ်တုများ လွှတ်တင်ရာတွင် အသုံးပြုလေ့ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်၌ စစ်အခြေစိုက်စခန်းထူထောင်ရန် အမေရိကန်တို့ ကြိုးစားနေ

တီဟီရန် မတ် ၂

အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့ဝင်များသည် အီရတ်နိုင်ငံတွင် အမြဲတမ်းစစ်အခြေစိုက်စခန်းတစ်ခု ထူထောင်ရန် ကြိုးစားနေကြောင်း အီရန်ခေါင်းဆောင်တစ်ဦးဖြစ်သူ အယာတိုလာခိုမေနီက မတ် ၂ရက်က ပြောကြားလိုက်သည်။

အီရန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော အီရတ်သမ္မတ ဂျာလာတာလာဘာနီနှင့် တွေ့ဆုံစဉ် အယာတိုလာခိုမေနီက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်ပြီး အီရတ်ခေါင်းဆောင်များအနေဖြင့် ယင်းအန္တရာယ်ကို သတိထားသင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံအတွင်းမှ ထွက်ခွာသွားမည့်ရက် နှောင့်နှေးကြန့်ကြာနေခြင်းသည် အီရတ်နိုင်ငံအား ထိခိုက်နစ်နာမှု ပိုမိုဖြစ်စေကြောင်း အယာတိုလာခိုမေနီက ဆက်လက်ပြောကြားသည်။ (အင်တာနက်)

ဆန်ဖြန့်ဖြူးရေး ကမောက်ကမပြုလုပ်လာမှု ဗင်နီဇွဲလားသမ္မတ အရေးယူဆောင်ရွက်

ကရာကတ်စ် မတ် ၂

ဗင်နီဇွဲလားနိုင်ငံအတွင်းရှိ ဆန်စက်များသို့ သမ္မတဟူဂိုချာဗက်ဇ်က တပ်ဖွဲ့ဝင်များကို ဖေဖော်ဝါရီ ၂၈ ရက်က စေလွှတ်လိုက်ပြီး ဆန်ကြိတ်ခွဲရေးကို ကြီးကြပ်စေသည်ဟု သိရသည်။

ရွေးကောက်ပွဲ၌ အနိုင်ရနေသမျှကာလပတ်လုံး ၎င်းအား ဗင်နီဇွဲလားသမ္မတအဖြစ် ဆက်လက်တာဝန်ယူစေသည့် ပြည်သူ့ဆန္ဒခံယူပွဲ၌ ယခုလအနိုင်ရပြီးနောက် သမ္မတချာဗက်ဇ်က ယင်းသို့ ပြတ်ပြတ်သားသား ဆောင်ရွက်ခြင်းဖြစ်သည်။

အစိုးရသတ်မှတ်ဈေးအတိုင်းရောင်းချရန် ငြင်းဆန်လျက် ဆန်ဖြန့်ဖြူးမှု ကမောက်ကမဖြစ်အောင် ဆန်ကုမ္ပဏီများက တမင်ဆောင်ရွက်နေသည်ဟု သမ္မတချာဗက်ဇ်က စွပ်စွဲသည်။

အမ်အင်န်အေ၊ရိုက်တာ

တရုတ်-ပေါ်တူဂီ ဆက်ဆံရေး တိုးမြှင့်ရန် ပေါ်တူဂီဝန်ကြီးချုပ် မျှော်လင့်လျက်ရှိ

အက်စပင်မို မတ် ၂

တရုတ်နှင့် ပေါ်တူဂီ နှစ်နိုင်ငံ ဆက်ဆံရေးအပေါ် အားရကျေနပ်မှုဖြစ်မိကြောင်း ပေါ်တူဂီဝန်ကြီးချုပ် ဟိုဆေးဆိုကရေးတီးစ်က ဖေဖော်ဝါရီ ၂၈ရက်တွင် ပြောကြားလိုက်ပြီး နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ဖော်ဆောင်နိုင်မည်ဟု မျှော်လင့်ကြောင်း ထည့်သွင်းပြောကြားသည်။

တရုတ်ကွန်မြူနစ်ပါတီ ကိုယ်စားလှယ်အား လက်ခံတွေ့ဆုံစဉ် ပေါ်တူဂီ အာဏာရဆိုရှယ်လစ်ပါတီ၏ အထွေထွေအတွင်းရေးမှူးဖြစ်သူ ပေါ်တူဂီဝန်ကြီးချုပ် ဆိုကရေးတီးစ်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

ကမ္ဘာ့စီးပွားရေးအကျပ်အတည်းနှင့်တကွ အခြားသော နိုင်ငံတကာရေးရာများ ကိုင်တွယ်ဖြေရှင်းရာ၌ တရုတ်ပြည်၏ အပြုသဘောဆောင်သည့် အခန်းကဏ္ဍကို ပေါ်တူဂီနိုင်ငံက လေးစားကြောင်း ၎င်းက ထည့်သွင်းပြောကြားသည်။ အမ်အင်န်အေ၊ ဆင်ဟွာ

ဝိသုံဂါမရွှေသိမ်တော်

ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ ဝိသုံဂါမရွှေသိမ်တော်ကို တွေ့ရစဉ်။ (သတင်းစဉ်)

▼ ကျော်ဖုံးမှ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အလှူရှင်များနှင့် ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ မဟာပဋ္ဌာန်းသိမ်းအောင်ပွဲ အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

သီလခံယူဆောက်တည်

ထို့နောက် နိုင်ငံတော် ဩဝါဒါစရိယ နေပြည်တော်ပျဉ်းမနား မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရထံမှ အတွင်းရေးမှူး(၁) အမှူးပြုသော ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များကို ရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရထံမှ အတွင်းရေးမှူး(၁)နှင့် ပရိသတ်တို့က အနုမောဒနာ တရားနာကြားကြ၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ပို့ဆောင်ပေး

ဆက်လက်၍ သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ သဒ္ဓမ္မဇောတိကဓဇ ဦးသူရက ဒေဝဂမနဝေလာဂါထာကို ဖတ်ကြား၍ နတ်ဗြဟ္မာများအား ပြန်လည်ပို့ဆောင်ပေးသည်။

ရွတ်ဆိုဆုတောင်း

ထို့နောက် ဆရာတော်၊ သံဃာတော်များနှင့် ပရိသတ်တို့က ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကြ၍ အသံမစဲ မဟာပဋ္ဌာန်းသိမ်းအောင်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရွှေမိုးငွေမိုးရွာသွန်း

ယင်းနောက် ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် မဟာပဋ္ဌာန်းသိမ်းအောင်ပွဲ အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး ငွေမိုး ရွာသွန်းဖြိုးပေးသည်။

ရွှေသိမ်တော်၊ စေတိယပါလစံကျောင်းတော်နှင့် သာသနာ့မဟာဗိမာန်တော်တို့အတွင်း၌ ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓရုပ်ပွားတော်များအား ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာအခမ်းအနားများကို အဆိုပါ ရွှေသိမ်တော်၊ စံကျောင်းတော်နှင့် မဟာဗိမာန်တော်တို့၌ တစ်ပြိုင်တည်း ကျင်းပသည်။

အနေကဇာတင်

ယင်းသို့ ကျင်းပရာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံသား အများပြည်သူများ လှူဒါန်းသည့် ဝိသုံဂါမရွှေသိမ်တော်အတွင်း၌ ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓရုပ်ပွားတော်မြတ်အား နိုင်ငံတော်ဩဝါဒါစရိယ နေပြည်တော်ပျဉ်းမနား မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရ အမှူးပြုတော်မူသော ဆရာတော်၊ သံဃာတော်ကိုးပါးတို့က လည်းကောင်း၊ ငွေစင်ကုမ္ပဏီလီမိတက်မှ ဦးစိုးမြင့်-ဒေါ်နန်းမြင့်မိသားစုတို့ လှူဒါန်းသည့် စေတိယပါလ စံကျောင်းတော်အတွင်း၌ ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓရုပ်ပွားတော်မြတ်အား နေပြည်တော် တပ်ကုန်း မဟာသီဟနာဒကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာစိဏ္ဏ အမှူးပြုတော်မူသော ဆရာတော်၊ သံဃာတော်ကိုးပါးတို့ကလည်းကောင်း၊ ကွယ်လွန်သူ ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေ(ငြိမ်း)အား ရည်စူး၍ ဦးတေဇနှင့် (Htoo Group Company) မိသားစုက လှူဒါန်းသည့် သာသနာ့မဟာဗိမာန်တော်အတွင်း၌ ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓရုပ်ပွားတော်မြတ်အား နေပြည်တော်လယ်ဝေး ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇနိန္ဒ အမှူးပြုတော်မူသော ဆရာတော်၊ သံဃာတော် ကိုးပါးတို့ကလည်းကောင်း၊ ဥဒါန်းပါဠိတော်လာ နည်းအတိုင်း ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓဘိသိက်သွန်းတော်မူကြပြီး တက်ရောက်လာကြသော ပရိသတ်တို့က သာဓု အနုမောဒနာ ခေါ်ဆိုကာ ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားများကို ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေစက်သွန်းချ အမျှပေးဝေ

ဥပ္ပါတသန္တိစေတီတော်တည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး အမှူးပြုသော ပရိသတ်များ ဥပ္ပါတသန္တိစေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် မြသပိတ်၊ ရွှေကြာသက်န်းတော်ကပ်၊ ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအကြို အသံမစဲမဟာပဋ္ဌာန်းသိမ်းအောင်ပွဲအခမ်းအနားတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။ (သတင်းစဉ်)

ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ စေတိယပါလစံကျောင်းတော်ကိုတွေ့ရစဉ်။ (သတင်းစဉ်)

ရွတ်ပွားသရဇ္ဈာယ်တော်မူကြရာ ပရိသတ်များက နာယူကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက နိုင်ငံတော် ဩဝါဒါစရိယ နေပြည်တော်ပျဉ်းမနား မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချအမျှပေးဝေ

ယင်းနောက် နိုင်ငံတော် ဩဝါဒါစရိယ နေပြည်တော်ပျဉ်းမနား မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇ မဟာ

ဥပ္ပါတသန္တိစေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်နှင့် မြသပိတ်၊ ရွှေကြာသက်န်းတော်ကပ်၊ ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အကြို၊ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အဖွင့်မင်္ဂလာ အခမ်းအနားကို ဖေဖော်ဝါရီ ၂၆ရက် နံနက် ၇နာရီတွင် အဆိုပါ စေတီတော်ရင်ပြင်ရှိ ဓမ္မာရုံ၌ ကျင်းပခဲ့ပြီး ဖေဖော်ဝါရီ၂၆ရက်မှ ယနေ့အထိ ငါးရက်တိုင်တိုင် ကျင်းပခဲ့ရာ ပဋ္ဌာနဘာဏက သံဃာတော် ၁၈ပါးတို့က မဟာပဋ္ဌာန်းပါဠိတော်များကို အသံမစဲ ရွတ်ဖတ်ပူဇော်တော်မူကြပြီး ဝတ်အသင်းများက ဝတ်ရွတ်စဉ်များဖြင့် ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။

တစ်ပြိုင်တည်းကျင်းပ

မတ်၁ရက် နံနက်ပိုင်းတွင် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ ဝိသုံဂါမ

ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်

ရန်ကုန် မတ် ၂

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။

နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ဒေသများတွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၁ဒီဂရီစင်တီဂရိတ်၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့နှင့် ပြည်မြို့တို့တွင် ၄၀ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်မှာ မြိတ်မြို့တွင် ၀ဒသမ၂၃လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

၂၀၀၉ခုနှစ် မတ် ၃ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပြီး ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် အများအားဖြင့် သာယာမည်။

ဖျာပုံ၌ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဟိုတယ်/ခရီးဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် ဖေဖော်ဝါရီ ၂၄ရက် နံနက်ပိုင်းက ဖျာပုံမြို့နယ် ကွန်ဒိုင်းကျေးရွာ၌ ကျေးရွာချင်းဆက် ချောင်းကူးတံတား ပျက်စီးနေမှုကို ကြည့်ရှု၍ အသစ်ပြန်လည်တည်ဆောက်နိုင်ရေးအတွက် တာဝန်ရှိသူများနှင့် ညှိနှိုင်းပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထောက်ပံ့ငွေပေးအပ်

ဆက်လက်၍ ဝန်ကြီးဗိုလ်ချုပ်စိုးနိုင်သည် ကွန်ဒိုင်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး ယာယီကျောင်းဆောင်၌ ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ထောက်ပံ့ငွေများပေးအပ်သည်။

ရင်းရင်းနှီးနှီး

ထိုမှတစ်ဆင့် ဝန်ကြီးသည် ကျေးရွာသူကျေးရွာသားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ဝန်ကြီးက တစ်ပိုင်တစ်နိုင် စိုက်ပျိုးရန် မျိုးစေ့ထုပ်များ၊ ကျေးရွာ မိခင်နှင့်ကလေးစောင့် ရှောက်ရေး အသင်းသို့ အဝတ်အထည်များ၊ ခေါက်ဆွဲခြောက်နှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

အချိန်မီပြီးစီးရေး

ဆက်လက်၍ ဝန်ကြီးသည် ဓမင်းဆိပ်ကျေးရွာအနီး၌ ယုဇနကုမ္ပဏီက ဆောက်လုပ်လျက်ရှိသော မုန်တိုင်းဒဏ်ခံ (Cyclone Shelter) အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေးနှင့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောက်လုပ်ရေးတို့ကို မှာကြားသည်။

တွေ့ဆုံခဲ့

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်စိုးနိုင်သည် ဖျာပုံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စွမ်းအင်ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ဗီယက်နမ်သံအမတ်ကြီးတွေ့ဆုံ

နေပြည်တော် မတ် ၂

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချူကုန်းဖုန်သည် ဖေဖော်ဝါရီ ၂၇ရက် နံနက်ပိုင်းက နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံစွမ်းအင်ကဏ္ဍနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ စွမ်းအင်ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အုတ်ဖိုမြို့နယ် စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၅ ရက်က မြို့မဈေး၌ ဈေးမီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ရာ အမှုဆောင် အရာရှိ ဦးတင်အောင်သန်း၊ မြို့နယ် မီးသတ်တပ်ဖွဲ့မှူးဦးလှရီနှင့်

ဈေးမိဈေးဖကော်မတီဝင်များ ပူးပေါင်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

TOSHIBA ဘက်စုံသုံးဒီဂျစ်တယ် မိတ္တူကူးစက်များ ရှင်းလင်းပွဲကျင်းပ

ရန်ကုန် မတ် ၂

TOSHIBA ဘက်စုံသုံးဒီဂျစ်တယ် မိတ္တူကူးစက်များနှင့် ပတ်သက်ပြီး LUCKY BIRD Trading Co., Ltd. ၏ မိတ်ဆက်ရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၂၅ရက် မွန်းတည့် ၁၂နာရီက ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ် ကုန်းဘောင် တကောင်းခန်းမ၌ကျင်းပရာ LUCKY BIRD Trading Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးထင်အောင်ခိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး TOSHIBA SINGAPORE Pte. Ltd. Electronic Imaging Department မှ Country Manager Ms. Kathy Li က မန်နေဂျင်းဒါရိုက်တာ ဦးထင်အောင်ခိုင်အား TOSHIBA ဘက်စုံသုံး ဒီဂျစ်တယ် မိတ္တူကူးစက်များကို မြန်မာနိုင်ငံ၌ ဖြန့်ချိနိုင်ရေးအတွက် တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် ခန့်အပ်လွှာပေးအပ်သည်။ (အောက်ပုံ)

အများဆုံးရရှိ

ထို့နောက် Electronic Imaging Division မှ Country Manager Ms. Kathyli က TOSHIBA ဘက်စုံသုံး

ဒီဂျစ်တယ်မိတ္တူကူးစက်များသည် သာမန်မိတ္တူကူးသည်ထက်ပိုမို၍ ကွန်ပျူတာနှင့်ချိတ်ဆက်ပြီး Print ထုတ်ခြင်း၊ Scan ဖတ်ပြီး Data များ သိမ်းဆည်းခြင်း၊ Fax ပေးပို့လက်ခံခြင်း စသည်တို့ကိုပါ အသုံးပြုနိုင်ကြောင်း၊ ကွန်ပျူတာ ကွန်ရက်နှင့်လည်း အသင့်ချိတ်ဆက် အသုံးပြုနိုင်ကြောင်း၊ လွယ်လင့်တကူ အသုံးပြုနိုင်ရန် ရိုးရှင်းပြီး မှတ်မိလွယ်သော User Interface ကို ပေါင်းစပ် ထည့်သွင်းပေးထားကြောင်း၊ အဆင့်မြင့် လုံခြုံရေးစနစ်လည်း ပါရှိကြောင်း၊ TOSHIBA Multifunctional Copier များ ထုတ်လုပ်မှု ၃၅နှစ်တာ ကာလအတွင်း MFP ထုတ်လုပ်ဖြန့်ချိရေး စီးပွားရေးလုပ်ငန်းတွင် အတွေ့အကြုံများစွာနှင့် တည်ငြိမ်စွာ ဖြတ်သန်းခဲ့ရာ၌ ထုတ်ကုန် ပမာဏမှာ ၇ ဒသမ ၁ သန်းရှိပြီး လက်ရှိ ကမ္ဘာတစ်ဝန်း လုပ်ငန်းခွင်များတွင် TOSHIBA MFP ပေါင်း ၁ ဒသမ ၂ သန်းကျော်ကို သုံးစွဲလျက်ရှိကာ တရုတ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်နှင့် အီဂျစ် အပါအဝင် ဈေးကွက်များတွင် TOSHIBA သည် ထိပ်ဆုံးနေရာမှ ဈေးကွက်ဝေစု အများဆုံးရရှိထားကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြသ

ယင်းနောက် TOSHIBA SINGAPORE Pte. Ltd. Electronic Imaging Department မှ Country Manager Ms. Kathy Li က TOSHIBA ဘက်စုံသုံး ဒီဂျစ်တယ် မိတ္တူကူးစက်များကို ရုံးလုပ်ငန်းများတွင် Notebook, Projector များဖြင့် တွဲဖက်သုံးစွဲပုံကို လက်တွေ့သရုပ်ပြ ရှင်းလင်းပြသသည်။

ဆက်သွယ်မေးမြန်းနိုင်

TOSHIBA ဘက်စုံသုံးဒီဂျစ်တယ် မိတ္တူကူးစက်များကို ပြုပြင်နိုင်ရန်အတွက် လေ့ကျင့်ပြီး ကျွမ်းကျင်ဝန်ထမ်းများက Service Support ပေးရန် အသင့်ရှိသည့်အပြင် TOSHIBA မိတ္တူကူးစက်များနှင့် ပတ်သက်ပြီး အချက်အလက် အသေးစိတ်သိရှိဆွေးနွေးလိုပါက Brand Manager ဖြစ်သော ဦးကျော်ကျော်နိုင် ဖုန်း-၃၇၉၈၇၅၊ ၂၄၈၁၆၇၊ ၀၉-၈၉-၂၄၅၄၄ နှင့် e-mail: luckybirdmgr @myanmar.com.mm တို့အပြင် LUCKY BIRD Showroom များ တည်ရှိရာ အမှတ်(၃၅) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၄၈၁၆၇၊ ၃၇၉၈၇၅၊ ဖက်စ်-၃၇၉၈၇၅၊ မန္တလေးမြို့ အမှတ်(၅)၊ ၂၆လမ်း ၇၈လမ်းနှင့် ၇၉ လမ်းကြား မန္တလေးမြို့ ဖုန်း-၂၁၅၇၂၊ ၀၉-၈၀-၂၂၀၂၅၊ နေပြည်တော် အနောက်မြောက်အပိုင်း သပြေကုန်းဈေး ဖုန်း-၀၆၇-၂၃၁၉၀ တို့သို့ ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သွေးလွန်တုပ်ကွေး အသိပညာပေး

ဖေဖော်ဝါရီ ၂၂ ရက်က မရမ်းကုန်းမြို့နယ် အလက(၅) ကျောင်းရှေ့ဝင်းအတွင်း၌ မြို့နယ်ကျန်းမာရေးဝန်ထမ်းများက ရပ်ကွက်နေပြည်သူများအား သွေးလွန်တုပ်ကွေးရောဂါ ကာကွယ် နှိမ်နင်းရေးအကြောင်း သိကောင်းစရာများ အသိပညာပေး ဟောပြောစဉ်။ (၁၁၁)

ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ စီမံခန့်ခွဲခြင်းဆိုင်ရာဘာသာရပ် စင်ကာပူ နန့်ယန်းတွင် တက်ရောက်နိုင်

ရန်ကုန် မတ် ၂

စင်ကာပူနိုင်ငံ Nanyang Institute of Management (NIM) နန့်ယန်း အသက်မွေး ပညာသင်တက္ကသိုလ်မှ ပညာရေးဆွေးနွေးပွဲတစ်ရပ်ကို မတ် ၁ရက် (တနင်္ဂနွေနေ့) မွန်းလွဲ၂နာရီခွဲက ရန်ကုန်မြို့ ပါတ်ခ်ရွိုင်ရယ် ဟိုတယ် အစည်းအဝေးခန်းမဆောင်(၃)၌ ကျင်းပသည်။

NIM သည် စင်ကာပူပညာရေးလောကတွင် အသက်မွေးဝမ်းကျောင်းနှင့်ဆိုင်သော Gateway ဖြစ်ပြီး ပြည်တွင်းနှင့် နိုင်ငံတကာဈေးကွက်တွင် လိုအပ်လျက်ရှိသော လူ့စွမ်းအားအရင်းမြစ်များအတွက်အကောင်းဆုံး ပညာရေးဝန်ဆောင်မှု ပေးနေသော ကျောင်းဖြစ်သည်။

သင်တန်းကာလ

သြစတြေးလျနိုင်ငံရှိ University of Ballaratနှင့် စင်ကာပူနိုင်ငံ နန့်ယန်း အသက်မွေးပညာသင် တက္ကသိုလ်တို့မှ ပူးပေါင်း ဖွင့်လှစ်သင်ကြားပေးနေသည့် စီးပွားရေး စီမံခန့်ခွဲမှု မဟာဘွဲ့သင်တန်းတွင် အထူးပြုဘာသာရပ်ခြောက်ခုကို ရွေးချယ်တက်ရောက်နိုင်ပြီး ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ တည်ထောင်လုပ်ကိုင်လိုသူများ၊ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းပြုလိုသူများ၊ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းနယ်ပယ်များ၏အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးဆိုင်ရာ နေရာကောင်းများတွင် အလုပ်အကိုင်များ အမြန်ဆုံးလိုသူများအတွက် အဆိုပါ စီးပွားရေး စီမံခန့်ခွဲမှုမဟာဘွဲ့ Health Services Management ကို အဓိကဘာသာတွဲဖြင့် တက်ရောက်နိုင်သည်။ မည်သည့်ဘွဲ့ရမဆို တက်ရောက်နိုင်ပြီး တက်ရောက်လိုသူ၏ ဝင်ခွင့်အရည်အချင်းအတွက် GMAT ဖြေဆိုထားရန် မလိုအပ်သည့်အပြင် သင်တန်းကာလမှာ ၁၂လမှ ၁၅လ ကြာမြင့်မည်ဖြစ်သည်။

ယင်းဘာသာရပ်တွင် စီးပွားရေး၊ အုပ်ချုပ်ရေးဘာသာရပ်များအပြင် ကျန်းမာရေးလုပ်ငန်းနယ်ပယ် စီမံအုပ်ချုပ်ရေးနှင့်ဆိုင်သည့် Contemporary Issues in Health Services Management, Policy in Health Services Management, Leadership in health Services Management, Evidence Based Practice in Health Services Management စသည့်ဘာသာရပ်များကို လေ့လာသင်ယူရမည်ဖြစ်သည်။

သင်ကြားမည်

နန့်ယန်း အသက်မွေးပညာသင်ကျောင်းမှ စီးပွားရေးစီမံခန့်ခွဲမှု မဟာဘွဲ့သင်တန်းများအပြင် Business, Toursism & Hospitality Early Childhood Education စသည့် ဘာသာရပ်များကို ဒီပလိုမာအဆင့်မှ မဟာဘွဲ့အထိတက်ရောက်နိုင်၍ ဘွဲ့ရပြီးသူများအတွက် Post Graduate Programmes များကို လည်း ရွေးချယ်တက်ရောက်နိုင်သည်။ ယင်းဘာသာရပ်များကို လုပ်ငန်းခွင်၌ နှစ်ပေါင်းများစွာ သင်ကြားမှု အတွေ့အကြုံရင့်ကျက်သော ဆရာ ဆရာမများက သင်ကြားပေးမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

စိတ်ဝင်စားသူများ Overseas Education Channel (AT & S Co., Ltd) အဆောင်၅၊ အခန်း ၄ မြန်မာအင်ဖိုတက်ခ် လှိုင်မြို့နယ် ဖုန်း-၆၅၂၂၈၈၊ ၆၅၂၂၅၈၊ ၆၅၂၃၂၀တို့သို့ ဆက်သွယ် စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရ သည်။ **(သတင်းစဉ်)**

ဖျာပုံမြို့နယ် ဓမင်းဆိပ်ကျေးရွာအနီး၌ မုန်တိုင်းဒဏ်ခံ Cyclone Shelter တည်ဆောက်နေ။



ကွယ်လွန်သူ ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေ(ငြိမ်း)အား ရည်စူး၍ ဦးတေဇနှင့် Htoo Group of Company မိသားစုက လှူဒါန်းသည့် သာသနာ့ဗိမာန်တော်အတွင်း၌ ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓရုပ်ပွားတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနား ကျင်းပစဉ်။ (သတင်း-ကျော်ဖုံး) (သတင်းစဉ်)

ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများကျင်းပမည့် အထိမ်းအမှတ်အဖြစ် ကြည့်ချင်ပွဲများဖြင့် ဆက်လက်ပြသဖျော်ဖြေ

နေပြည်တော် မတ် ၂

နေပြည်တော်ရှိ ဥပ္ပါတသန္တိကုန်းတော်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများကျင်းပမည့် အထိမ်းအမှတ်အဖြစ် ကြည့်ချင်ပွဲများကို ဒုတိယနေ့အဖြစ် မတ်၁ရက် ညပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်တောင်ဘက် ရာဇဌာနီလမ်းအနီးရှိ ပွဲတော်ကွင်း၌ အာဇာနည်စန်းစန်းဆပ်ကပ်အဖွဲ့က ဆက်လက်ဖျော်ဖြေတင်ဆက်လျက်ရှိရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ ကြည့်ချင်ပွဲများနှင့် ဖျော်ဖြေရေးဆပ်ကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူ ၉၀၀၀ကျော်တို့ ပျော်ရွှင်စွာ လာရောက်ကြည့်ရှုကြသည်။

ပြသဖျော်ဖြေ

အလားတူ မြန်မာ့ရုပ်ရှင်လုပ်ငန်း မော်ကွန်းရုပ်ရှင်က အကယ်ဒမီဆုရ မြန်မာရုပ်ရှင်ဇာတ်ကားများဖြစ်သည့် ကိုးဆယ်ဆ သာလိမ့်မယ် ဇာတ်ကားနှင့် ပန်းဒဏ္ဍာရီ ဇာတ်ကားများကို ပြသဖျော်ဖြေသည်။

အဆိုပါ ကြည့်ချင်ပွဲများသို့ နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်တပ်ကုန်းနှင့် နေပြည်တော်လယ်ဝေးရှိ ကျေးလက်ပြည်သူများက လှည်းများဖြင့် တပျော်တပါး လာရောက်ကြည့်ရှုကြသည်ကို တွေ့ရှိရသည်။

ဆက်လက်ပြသ

တတိယနေ့အဖြစ် ယနေ့ညပိုင်းတွင် ကြည့်ချင်ပွဲများအဖြစ် မန္တလေးမှ နန်းအငြိမ့်အဖွဲ့နှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း မော်ကွန်းရုပ်ရှင်က ရင်နင့်အောင်မွေးဇာတ်ကားနှင့် ငှါးခြား ငှါးသွေး ငှါးရောဝတီ ဇာတ်ကားများဖြင့် ဆက်လက်ပြသ ဖျော်ဖြေမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မဟာမင်္ဂလာ အခမ်းအနားများကျင်းပမည့် အထိမ်းအမှတ်အဖြစ် ကျင်းပသော ပွဲတော်ကွင်း၌ ပျော်ပွဲရွှင်ပွဲများနှင့် ကြည့်ချင်ပွဲများကို နေပြည်တော် ပျဉ်းမနား၊ နေပြည်တော်တပ်ကုန်းနှင့် နေပြည်တော် လယ်ဝေးရှိ ဒေသခံ ပြည်သူများက လှည်းများဖြင့် လာရောက်ပြီး တပျော်တပါး ကြည့်ရှုအားပေးကြစဉ်။
(သတင်းစဉ်)

ပျော်ရွှင်စွာ ဆင်နွှဲ

ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်တင်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားများ ကျင်းပမည့် အထိမ်းအမှတ်အဖြစ် ကျင်းပသော ပွဲတော်ကွင်း၌ ဒေသခံပြည်သူများ ပျော်ရွှင်စွာ လာရောက်ဆင်နွှဲကြစဉ်။
(သတင်းစဉ်)

ဖျော်ဖြေတင်ဆက်

ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနား ကျင်းပမည့် အထိမ်းအမှတ်အဖြစ် ကျင်းပသော ပွဲတော်ကွင်း၌ အာဇာနည်စန်းစန်း ဆပ်ကပ်အဖွဲ့က ဖျော်ဖြေတင်ဆက်လျက်ရှိရာ ဒေသခံပြည်သူများ ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

❒ ရှေ့ဖုံးမှ

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာနိတ သိရီဘိဝံသက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော အစီရင်ခံစာအပေါ် ဝေဖန်ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒွိပိဋကကောဝိဒ ဘဒ္ဒန္တဇာဂရာဘိဝံသက ပြန်လည်ရှင်းလင်းလျှောက်ထားပြီး အစည်းအဝေး အတည်ပြုချက်ကို ရယူကာ အစည်းအဝေးကို ခေတ္တရပ်နားသည်။

မွန်းလွဲ ၁နာရီတွင် အစည်းအဝေးကို ပြန်လည်ကျင်းပရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက သဘာပတိ အဖြစ် ဆောင်ရွက်တော်မူသည်။

ယင်းနောက် နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့ဝင် ဆရာတော်များနှင့် နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်များအား နိုင်ငံတော် ဝိနည်းဓိုရ်လက်မှတ်များကို ဆက်ကပ်သည်။

ထို့နောက် အစည်းအဝေး ပထမနေ့၊ ဒုတိယနေ့နှင့် နောက်ဆုံးနေ့တို့တွင် ဩဝါဒါစရိယ ဆရာတော်ကြီးများအဖြစ် ဆောင်ရွက်တော်မူခဲ့ကြသည့် ဆရာတော်ကြီး ၁၅ပါး၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဆရာတော်၊ အကျိုးတော်ဆောင်ဆရာတော်၊ ပြည်နယ်၊ တိုင်းများနှင့် သီးခြားဂိုဏ်းများမှ ကိုယ်စားလှယ် ဆရာတော်များက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေးတွင် ချမှတ်ခဲ့သော အစားထိုးရွေးချယ်မှုများ၊ ဆုံးဖြတ်ချက်များ၊ အတည်ပြုချက်များနှင့် မှတ်တမ်းတင်ချက်များကို သာသနာ့သမိုင်းဝင် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးတော်မူကြသည်။

ကျင်းပပြီးစီး

ယင်းနောက် သဘာပတိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တကုမာရက နိဂမန ဩဝါဒကထာ မြွက်ကြားတော်မူပြီး အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်များက “ဇယန္တော ဗောဓိယာမူလေ” အစရှိ နှစ်ဂါထာကို သုံးကြိမ် ရွတ်ဆိုတော်မူကာ သာဓုသုံးကြိမ်ခေါ်ဆိုလျက် ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

နေ့ဆွမ်းဆက်ကပ်

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား ဦးကျော်ဆန်း-သီဟသုဓမ္မသိင်္ဂီ ဒေါ်ညွန့်ညွန့်ဝင်း(ပျားဝတ်ရည် အင်တာပရိုက်စ်နှင့်စိန်ဆီစက်) မိသားစုက သုံးထပ်ဆွမ်းစားကျောင်းဆောင်ကြီး၌ နေ့ဆွမ်း ဆက်ကပ် လှူဒါန်းသည်။
(သတင်းစဉ်)

အရိုးအထူးကုဆေးရုံကြီး (မန္တလေး) တည်ဆောက်ပြီးစီးမှု ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၄ရက် နံနက်၉နာရီတွင် မန္တလေးတပ်နယ် ရန်အောင်မြင်ခန်းမ၌ မန္တလေးတပ်နယ်ရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား လည်းကောင်း၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တိုင်းအတွင်းရှိ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တက္ကသိုလ်၊ကောလိပ်များမှ ပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအားလည်းကောင်း တွေ့ဆုံသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်သည် လမ်း၃၀ရှိ မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး ငါးထပ်ဆေးကုသဆောင်သစ်ကို လည်းကောင်း၊ ၆၂လမ်း သူနာပြုတက္ကသိုလ်အနီးရှိ အရိုးရောဂါ အထူးကုဆေးရုံကြီး(မန္တလေး)တည်ဆောက်ပြီးစီးမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗိုလ်ချုပ် အုန်းမြင့်နှင့် အဖွဲ့ဝင်များသည် ၃၅လမ်း နိုင်လွန်ကတ္တရာခင်းနေမှုကိုလည်းကောင်း၊ ရွှေတချောင်းမြောင်းကို ကွန်ကရစ်မြောင်းအဖြစ် အသစ်ပြန်လည် တည်ဆောက်နေမှုကို လည်းကောင်း၊ ၈၇လမ်းနှင့် ၄၁လမ်းတို့အား ကိုယ့်အားကိုယ်ကိုး ကတ္တရာခင်းနေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ပြန်လည်ရောက်ရှိ

ထိုမှတစ်ဆင့် ဗိုလ်ချုပ်အုန်းမြင့်သည် မော်တော်ယာဉ်ဖြင့် ထွက်ခွာလာရာ ညပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် အရိုးရောဂါအထူးကုဆေးရုံကြီး (မန္တလေး)တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း ကျန်းမာရေးပညာပေး ဟောပြောပွဲကျင်းပ

ရန်ကုန် မတ် ၂

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၏ အသင်းဝင်များနေ့ အခမ်းအနားကို မတ်၁ရက် နံနက်က ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်း MWEA Tower ရှိ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းရုံး၌ ကျင်းပသည်။



ရှေးဦးစွာ မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း တည်ထောင်သူ အကြံပေးပုဂ္ဂိုလ် အငြိမ်းစားပါမောက္ခ ဒေါ်ရီရီမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

လက်ခံယူ

ထို့နောက် အသင်းသူများအား ကျန်းမာရေးပညာပေးဟောပြောပွဲ အစီအစဉ်အရ Fair Deal Co.,Ltd.မှ Product Manager ဦးနေမျိုးထွန်းက Newzeland Fonterra Co.မှ ထုတ်လုပ်သည့် အရိုးအားနည်းခြင်းမှကာကွယ်ပြီး ကယ်လ်ဆီယမ်ပါဝင်မှု အမြင့်မားဆုံး နို့မှုန့်ဖြစ်သည့် Anlene နို့မှုန့်နှင့် အရိုးပွရောဂါအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် Fair Deal Co.,Ltd.မှ ကျွမ်းကျင်ပညာရှင်များက အရိုးသန်မာမှုကို အခမဲ့ စစ်ဆေးပေးသည်။ ထို့နောက် အရောင်းနှင့်ဈေးကွက်မြှင့်တင်ရေးမန်နေဂျာ ဦးငွေးမြင့်က မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းအတွက် အလှူငွေ ကျပ်ခြောက်သောင်းကို ပေးအပ်လှူဒါန်းရာ အသင်းတည်ထောင်သူ အကြံပေးပုဂ္ဂိုလ် အငြိမ်းစား ပါမောက္ခဒေါ်ရီရီမြင့်နှင့် အသင်း အတွင်းရေးမှူး ဒေါ်လှဝတီတို့က လက်ခံယူကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

ဝန်ကြီးဦးအောင်သောင်း စက်ရုံများကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့လှိုင်မြို့နယ်ရှိ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း အီလက်ထရွန်နစ်ပစ္စည်းနှင့် လျှပ်စစ်မော်တာစက်ရုံသို့ရောက်ရှိပြီး Rim Motor ကိုယ်ထည်များ ပုံလောင်းနေမှု အခြေအနေ၊ ပုံလောင်းပြီး မော်တာကိုယ်ထည်အစိတ်အပိုင်းများနှင့် လျှပ်စစ်မော်တာအဆင့်ဆင့် ထုတ်လုပ်မှု လုပ်ငန်းများ၊ ကွန်ပျူတာထိန်းချုပ်စက်များဖြင့် တွင်ခုတ်စားမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ပြည့်မီကျော်လွန်အောင် ထုတ်လုပ်ရန်နှင့် ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့် မူဝါဒများကို တိကျစွာ လိုက်နာဆောင်ရွက်ကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း စက်ဘီးစက်ရုံ(ရန်ကုန်)နှင့် မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း အမှတ်(၁) ဓာတ်ငွေ့စက်ရုံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေး ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၄)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တည်ဆောက်ရာတွင် ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ် ပြီးမြောက် အောင်မြင်စေရေးအတွက် တိုင်းရင်းသားပြည်သူများနှင့် အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ဆရာဦးမောင်မောင်တီ (သင်္ချာ)၏ စာသင်သက်(၃၅)နှစ်မြောက် တက္ကသိုလ်ဝင်စာမေးပွဲ သင်္ချာဂုဏ်ထူးရှင် ဆုပေးပွဲကျင်းပ

ရန်ကုန် မတ် ၂

ဆရာဦးမောင်မောင်တီ(သင်္ချာ)၏ စာသင်သက်(၃၅)နှစ်မြောက် အထိမ်းအမှတ် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ''သင်္ချာဂုဏ်ထူးရှင်'' များ ပညာရည်ချွန်ဆုပေးပွဲကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် မဟာသန္တိသုခ (သံလွင်ခန်းမ)၌ ကျင်းပရာ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာစိုးရင်နှင့်ဇနီး ရန်ကုန်ပညာရေးတက္ကသိုလ် ဓာတုဗေဒဌာနမှူး (ငြိမ်း) ပါမောက္ခ ဒေါက်တာဒေါ်ခင်ဝင်းကြည်၊ ဒဂုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (ငြိမ်း) ဦးတင်လတ်၊ သင်္ချာဌာနမှူး (ငြိမ်း) ပါမောက္ခဦးသိန်းမြင့်၊ ရန်ကုန် ပညာရေးတက္ကသိုလ် ရူပဗေဒ ဌာနမှူး တွဲဖက် ပါမောက္ခ ဒေါက်တာ ဒေါ်ခင်တင့်နှင့် ဆရာကြီး၊ ဆရာမကြီးများ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးဟိန်းလတ်နှင့် စာနယ်ဇင်းဆိုင်ရာ တာဝန်ရှိသူများ၊ တာမွေမြို့နယ် ပညာရေးမှူး ဒေါ်ရီရီစိန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်္ချာဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် မိဘ အုပ်ထိန်းသူများ တက်ရောက်ကြပြီး အခမ်းအနားမှူးအဖြစ် ရွှေပြည်စိုး စာပေ တိုက်မှ ဦးကျော်စွာဝင်းမောင် (ကျော်စွာ-ဒဂုံတက္ကသိုလ်) က ဆောင်ရွက်သည်။

ချီးမြှင့်

အစီအစဉ်အရ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ဝင် ဒဂုံတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ်(ငြိမ်း) ဦးတင်လတ်နှင့် သင်္ချာ ဌာနမှူး (ငြိမ်း) ပါမောက္ခ ဦးသိန်းမြင့်တို့က ဂုဏ်ပြုသြဝါဒစကား ပြောကြားကြပြီး ၂၀၀၈ ခုနှစ် တက္ကသိုလ် ဝင်စာမေးပွဲ မြန်မာတစ်နိုင်ငံလုံး ဒုတိယ ဆုရ ဘာသာစုံဂုဏ်ထူးရှင် မောင်ဖြိုးမင်း ဟန်၊ ဘာသာစုံဂုဏ်ထူးရှင် မောင်မြတ်ဖြိုးအောင်တို့နှင့် သင်္ချာဂုဏ်ထူးရှင် စုစုပေါင်း ၄၀တို့အား ဆရာဦးမောင်မောင်တီ(သင်္ချာ) က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဂါရဝပြု

ထို့နောက် ပညာရည်ချွန်ဆုပေးပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများအား ဦးမောင်မောင်တီ (သင်္ချာ)က တစ်ဦးချင်း ဂါရဝပြုလက်ဆောင်များ ပေးအပ်ဂါရဝပြုသည်။

ဖွင့်လှစ်

ဆရာဦးမောင်မောင်တီ(သင်္ချာ)အနေဖြင့် အမှတ်၂၈၄ ဗညားဒလလမ်း တာမွေမြို့နယ်၌ ၁၉၇၄ခုနှစ်မှ ယနေ့အထိ (၃၅) နှစ်တာ သင်္ချာဘာသာရပ် သီးသန့် ကိုယ်ပိုင် ဘာသာရပ်သင်တန်း ဖွင့်လှစ်လျက်ရှိ ကြောင်း သိရသည်။

(သတင်းစဉ်)

ဆရာဦးမောင်မောင်တီ(သင်္ချာ)က ဘာသာစုံ ဂုဏ်ထူးရှင် မောင်မြတ်ဖြိုးအောင်အား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မီးကိုသတိ မြဲထားရှိ စောင့်ကြည့်နေပါ သင့်ဝန်တာ

3-3 (06).pmd 1 3/3/2009, 1:56 AM

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် ဇနီးတို့က တည်ခင်းဧည့်ခံသော Gala Dinner သို့တက်ရောက်

နေပြည်တော် မတ် ၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဖေဖော်ဝါရီ ၂၈ရက် ည ၇နာရီခွဲတွင် ထိုင်းနိုင်ငံ ဟွာဟင်းမြို့ရှိ Maruekhathaiyavan Palace၌ ကျင်းပသည့် ထိုင်းနိုင်ငံဝန်ကြီးချုပ် အဘီဆစ်ဝှဲချာချီဝနှင့် ဇနီးတို့က တည်ခင်းဧည့်ခံသော Gala Dinner သို့ တက်ရောက်သည်။

တက်ရောက်

အဆိုပါ Gala Dinner သို့ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင် ဆူလ်တန်ဟာဂျီဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုယိုနိုနှင့် ဇနီး၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီအဗ္ဗဒူလာဘင် ဟာဂျီအာမက်ဘာဒါဝီနှင့် ဇနီး၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာမာဂါပါကဲလ်အာရိုယို၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်း၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဒွန်း၊ အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် စီးပွားရေးဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်၊ အာဆီယံနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးအောင်သိမ်း၊ အာဆီယံပါလီမန်အဖွဲ့ အထွေထွေညီလာခံကိုယ်စားလှယ်များ၊ အာဆီယံလူငယ် ကိုယ်စားလှယ်များ၊ အာဆီယံလူမှုအဖွဲ့အစည်း ကိုယ်စားလှယ်များ၊ အာဆီယံစီးပွားရေးအကြံပေးကောင်စီဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ညစာစားပွဲသို့ တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများအား ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် ဇနီးတို့က ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

နှုတ်ခွန်းဆက်စကားပြောကြား

ထို့နောက် ညစာစားပွဲကိုစတင်ရာ ထိုင်းနိုင်ငံဝန်ကြီးချုပ် အဘီဆစ်ဝှဲချာချီဝက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများသည် ညစာကို အတူသုံးဆောင်ကြပြီး ထိုင်းရိုးရာယဉ်ကျေးမှုအဖွဲ့က အဆို၊ အကများဖြင့် ကပြတင်ဆက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထိုင်းနိုင်ငံ ဟွာဟင်းမြို့ရှိ Maruekhathaiyavan Palace၌ကျင်းပသည့် Gala Dinner သို့ တက်ရောက်လာရာ ထိုင်းနိုင်ငံဝန်ကြီးချုပ် အဘီဆစ်ဝှဲချာချီဝနှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးတက်ရောက်ပြီး စာချုပ်များ လက်မှတ်ရေးထိုး

နေပြည်တော် မတ် ၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ (၁၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာသည် ဖေဖော်ဝါရီ ၂၆ရက် ညနေပိုင်းတွင် ထိုင်းနိုင်ငံ ဟွာဟင်းမြို့ရှိ Dusit Thani Hotel ၌ ကျင်းပသည့် (၁၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် တစ်ဆက်တစ်စပ်တည်း ကျင်းပသော အာဆီယံစီးပွားရေးဝန်ကြီးများ၏ အလုပ်သဘော ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ဆွေးနွေး

အလုပ်သဘော ညစာစားပွဲမတိုင်မီ ဝန်ကြီး ဦးစိုးသာသည် အာဆီယံနိုင်ငံများအတွင်း အာဆီယံ ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ်၊ အာဆီယံ ဘက်စုံရင်းနှီးမြှုပ်နှံမှုစာချုပ်၊ အာဆီယံဝန်ဆောင်မှုဆိုင်ရာ မူဘောင် သဘောတူစာချုပ်၏ (၇)ကြိမ်မြောက် ကတိကဝတ်ပြုမှုဆိုင်ရာအခြေပြစာချုပ်နှင့် အာဆီယံအရည်အသွေး အပြန်အလှန် အသိအမှတ်ပြုရေး အစီအစဉ်သုံးခုတို့ကို အာဆီယံစီးပွားရေး ဝန်ကြီးများနှင့်အတူ လက်မှတ်ရေးထိုးခဲ့သည်။

အာဆီယံ စီးပွားရေးဝန်ကြီးများသည် (၁၄)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေး၌ လက်မှတ်ရေးထိုးကြမည့် အာဆီယံ- ဩစတြေးလျ- နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ်များနှင့် အာဆီယံ-ကိုရီးယား ကုန်စည်ကုန်သွယ်ရေးနှင့် ဝန်ဆောင်မှုကုန်သွယ်ရေး သဘောတူစာချုပ်များတွင် ထိုင်းနိုင်ငံမှ ပါဝင်ရေးအတွက် အခြေပြစာချုပ် လက်မှတ်ရေးထိုးရေးဆိုင်ရာ ကိစ္စရပ်တို့ကိုလည်းကောင်း၊ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ ဖြစ်ကြသော အာဆီယံ-တရုတ် ရင်းနှီးမြှုပ်နှံမှုစာချုပ် ချုပ်ဆိုရေးကိစ္စ၊ အာဆီယံ-ကိုရီးယား ရင်းနှီးမြှုပ်နှံမှုစာချုပ် ချုပ်ဆိုရေးကိစ္စ၊ အာဆီယံ-အိန္ဒိယ ကုန်စည်ကုန်သွယ်မှု သဘောတူစာချုပ် လက်မှတ်ရေးထိုးရေး ကိစ္စတို့ကိုလည်းကောင်း၊ အာဆီယံနှင့် အီးယူအကြား လွတ်လပ်သောကုန်သွယ်မှုဒေသ ထူထောင်ရေးအတွက် ဆွေးနွေးညှိနှိုင်းရေးဆိုင်ရာ ကိစ္စရပ်တို့ကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ဝန်ကြီး ဦးစိုးသာသည် ညနေ ၅နာရီတွင် Dusit Thani Hotel ဧည့်ခန်းမ၌ ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးအား တွေ့ဆုံနှုတ်ဆက်သည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ ထိုင်းနိုင်ငံ ဟွာဟင်းမြို့ Dusit Thani Hotel ၌ ကျင်းပသည့် အာဆီယံနိုင်ငံများအတွင်း အာဆီယံ ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ်၊ အာဆီယံ ဘက်စုံရင်းနှီးမြှုပ်နှံမှုစာချုပ်၊ အာဆီယံဝန်ဆောင်မှုဆိုင်ရာ မူဘောင်သဘောတူစာချုပ်၏ (၇)ကြိမ်မြောက် ကတိကဝတ်ပြုမှုဆိုင်ရာ အခြေပြစာချုပ်နှင့် အာဆီယံအရည်အသွေး အပြန်အလှန် အသိအမှတ်ပြုရေးအစီအစဉ် သုံးခုတို့ကို အာဆီယံစီးပွားရေးဝန်ကြီးများနှင့်အတူ လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

တက်ရောက်

ဝန်ကြီးသည် ဖေဖော်ဝါရီ ၂၇ရက် နံနက် ၁၀နာရီခွဲတွင် Dusit Thani Hotel၌ အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီ၏ ပထမအကြိမ် အစည်းအဝေးသို့ ပါဝင်တက်ရောက်ခဲ့သည်။ အဆိုပါ အစည်းအဝေးသို့ သဘာပတိ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အာဆီယံစီးပွားရေး အသိုက်အဝန်းကောင်စီဝင် ဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယ အတွင်းရေးမှူးချုပ်နှင့် အာဆီယံ ၁၀နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အာဆီယံပဋိညာဉ်ပါ လုပ်ငန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာကိစ္စရပ်များ၊ အာဆီယံ စီးပွားရေး အသိုက်အဝန်းကို အကဲဖြတ်သုံးသပ်မည့် Score card အကောင်အထည်ဖော်မှု အခြေအနေများနှင့် အာဆီယံ စီးပွားရေး အသိုက်အဝန်းကို အများပြည်သူသိရှိစေရန် ဆောင်ရွက်ကြမည့် လုပ်ငန်းအစီအစဉ်တို့အပေါ် ဆွေးနွေးခဲ့ကြသည်။

ယခုနှစ်အတွင်း အာဆီယံ စီးပွားရေး ဝန်ကြီးများ၏ အလွတ်သဘော အစည်းအဝေးနှင့် ပုံမှန်အစည်းအဝေးများကျင်းပရေး တို့နှင့်ပတ်သက်၍လည်း ဆွေးနွေးကြသည်။

လက်မှတ်ရေးထိုး

ဝန်ကြီး ဦးစိုးသာသည် ညနေ ၄နာရီတွင် Dusit Thani Hotel ၌ ကျင်းပသော လက်မှတ်ရေးထိုးပွဲ၌ အာဆီယံ-ဩစတြေးလျ-နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ ထူထောင်ရေးဆိုင်ရာ သဘောတူစာချုပ်များနှင့် အာဆီယံ-ကိုရီးယား ကုန်စည်ကုန်သွယ်ရေးနှင့် ဝန်ဆောင်မှု ကုန်သွယ်ရေးစာချုပ်တို့တွင် ထိုင်းနိုင်ငံမှ ပါဝင်ရေးအတွက် လက်မှတ်ရေးထိုးသည့် အခြေပြစာချုပ်တို့ကို အာဆီယံစီးပွားရေး ဝန်ကြီးများ၊ ဩစတြေးလျ၊ နယူးဇီလန်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ စီးပွားရေး ဝန်ကြီးများနှင့်အတူ ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။

ဝန်ကြီး ဦးစိုးသာသည် ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီးနှင့် အာဆီယံ အတွင်းရေးမှူးချုပ်တို့ ပူးပေါင်း တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ အာဆီယံ စီးပွားရေး ဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဇလွန်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၁ရက်က စမ်းချောင်းမြို့နယ် မြသိန်းတန် အောင်ဓမ္မာရုံကြီး၌ ကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သော မောင်ပြည့်ဖြိုးကျော်အား အသင်းဥက္ကဋ္ဌ ဦးလှမြင့် (ကေသီပန် တိုင်းရင်းဆေး)က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၁၀၃)

ဂျပန်နိုင်ငံအစိုးရက ကူးစက်ရောဂါတိုက်ဖျက်ရေး လုပ်ငန်းသုံးပစ္စည်းများလှူဒါန်း

ရန်ကုန် မတ် ၂

ကျန်းမာရေးဝန်ကြီးဌာနသို့ ဂျပန်နိုင်ငံအစိုးရက လှူဒါန်းသော မြန်မာနိုင်ငံ၏ ကူးစက်ရောဂါတိုက်ဖျက်ရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် Tamiflu, antiviral medicine and Personal Protective Equipment (PPEs)များအား ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၈ရက်က ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ အဆောက်အအုံ၌ ကျင်းပရာ ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Yasuaki Nogawa က လှူဒါန်းရခြင်း အကြောင်းအရင်းကို ရှင်းလင်းပြောကြားပြီး ဂျပန် ယန်း ၁၂၀၅၉၉၈၈ တန်ဖိုးရှိ Tamiflu, antiviral medicine and Personal Protective Equipment (PPEs)များကို ပေးအပ်လှူဒါန်းရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က လက်ခံယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ကိုယ်စား ကျန်းမာရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ ထိုင်းနိုင်ငံ ဟွာဟင်းမြို့ Dusit Thani Hotel ၌ ကျင်းပသည့် (၁၄)ကြိမ်မြောက် အာဆီယံထိပ်သီး သီးသန့်အစည်းအဝေး (Retreat) မစတင်မီ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြစဉ်။ (သတင်းစဉ်)

✻ ရှေ့ဖုံးမှ

ဝန်ကြီးချုပ် ဒါတိုဆရီအဗ္ဗဒူလာဘင်ဟာဂျီ အာမက်ဘာဒါဝီ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာ မာဂါပါကဲလ်အာရိုယို၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်း၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် အပီဆစ်ဝဲချာချီဝ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းနှင့် အာဆီယံ အတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်တို့ တက်ရောက်ကြသည်။

အမြင်ချင်းဖလှယ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများသည် (၁၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံပဋိညာဉ်စာတမ်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း (Implementation of ASEAN Charter)၊ ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ ကိစ္စရပ်များဆိုင်ရာ အမြင်ဖလှယ်ခြင်း (Exchange of Views on Regional and International Issues)၊ ကမ္ဘာ့ငွေကြေး ပြဿနာကိစ္စ (Global Financial Crisis)၊ ဘေးအန္တရာယ် စီမံခန့်ခွဲမှုကိစ္စ (Disaster Management)၊ စားနပ်ရိက္ခာနှင့် စွမ်းအင်လုံခြုံရေးကိစ္စ (Food and Energy Security)၊ ဒေသတွင်းနှင့် နိုင်ငံတကာ အခြေအနေကိစ္စရပ်များအပေါ် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြပြီး (၁၄)ကြိမ်မြောက် အာဆီယံထိပ်သီး သီးသန့်အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

လက်မှတ်ရေးထိုး

အာဆီယံထိပ်သီး သီးသန့်အစည်းအဝေးအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်၊ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊အစိုးရအဖွဲ့အကြီးအကဲများ၏ ရှေ့မှောက်၌ အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများသည် အာဆီယံ ရေနံလုံခြုံရေးဆိုင်ရာ သဘောတူညီချက် ကြေညာစာတမ်း (ASEAN Petroleum Security Agreement) ကို လက်မှတ်ရေးထိုးကြသည်။

အောင်မြင်စွာရုပ်သိမ်း

ယင်းနောက် (၁၄)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးဆိုင်ရာ ကြေညာစာတမ်းများ လက်မှတ်ရေးထိုးပွဲကို The Royal Dusit Grand Ballroom (A) ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ်၊ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ တက်ရောက်ကြပြီး အာဆီယံ အသိုက်အဝန်း လမ်းပြမြေပုံဆိုင်ရာ ကြေညာစာတမ်း (Declaration on the Roadmap for an ASEAN Community) ကို လက်မှတ်ရေးထိုးကြကာ (၁၄)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးဆိုင်ရာ ကြေညာစာတမ်းများ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

တည်ခင်းဧည့်ခံ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်၊ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၊ စီးပွားရေးဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများအား ထိုင်းနိုင်ငံဝန်ကြီးချုပ်က Dusit Thani Hotel ရှိ Baan Benjarong ၌ ဂုဏ်ပြုနေ့လယ်စာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

အမှတ်တရဓာတ်ပုံရိုက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ အာဆီယံ အသိုက်အဝန်း လမ်းပြမြေပုံဆိုင်ရာ ကြေညာစာတမ်းကို လက်မှတ်ရေးထိုးပြီး အမှတ်တရ ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ၏ ရှေ့မှောက်တွင် အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း အာဆီယံ ရေနံလုံခြုံရေးဆိုင်ရာ သဘောတူညီချက် ကြေညာစာတမ်းကို လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင် မော်လမြိုင်မြို့တွင် အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံ

နေပြည်တော် မတ် ၂

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်သည် ဖေဖော်ဝါရီ ၂၃ရက်မှ ၂၄ရက်အထိ မွန်ပြည်နယ် မော်လမြိုင်မြို့သို့ သွားရောက်၍ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အစည်းအဝေးခန်းမ၌ ပို့ဆောင်ရေးဝန်ကြီးဌာန အောက်ရှိ ဌာနများမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံဆွေးနွေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဟိန်းထက်စိုး၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်အေး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ပြည်နယ်ဆိပ်ကမ်းအရာရှိ ဦးဝင်းမြင့်၊ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးမှ လက်ထောက် အထွေထွေမန်နေဂျာ ဦးကျော်ဆန်းဝင်း၊ပြည်တွင်းရေကြောင်းပို့ဆောင်ရေး (သံလွင်သင်္ဘောကျင်း)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစန်းလွင်၊ မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းမှ မန်နေဂျာ ဦးစိုးလွင်၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်သန်း၊ မြန်မာ့လေကြောင်းမှ ဌာနခွဲမန်နေဂျာ ဦးစိုးလှိုင်နှင့် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးအရာရှိ (လေကြောင်း) ဦးတင်မြင့် တို့က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

မှာကြားဖြည့်ဆည်း

ထို့နောက် ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားပြီး လိုအပ်သည်များကိုမှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

တွေ့ဆုံ

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မော်လမြိုင်မြို့ရှိ ဆိပ်ကမ်းနှင့် ဆိပ်ခံတံတားများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မော်လမြိုင်-နတ်မှော်၊ မော်လမြိုင်-ကလို့ ခရီးလမ်းများတွင် ဇက်ရေယာဉ်များဖြင့် လိုက်ပါစီးနင်းကြမည့် ခရီးသည်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဝန်ကြီးသည် မော်လမြိုင်လေဆိပ် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေ၊ လေဆိပ်နှင့် လေယာဉ်ပြေးလမ်း အခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၃-၃-၂၀၀၉ (အင်္ဂါနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	**သစ္စာမသိလို့ သံသရာရှည်တာ** တရားတော် (ဆရာတော် ဘဒ္ဒန္တသောဘန)
၈:၀၀-၂:၀၀	ပဲခူးမြစ်ကိုဖြတ်ကျော်သွားအမှတ်(၂) လျှပ်စစ်စွမ်းအား အင်ဂျင်နီယာများစွမ်းပကား
၈:၁၅-၂:၁၅	Sunday Talk
၉:၀၅-၃:၀၅	ဆီထွက်သီးနှံများထဲမှ "ဆီအုန်း"
၉:၁၅-၃:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၂၅-၃:၂၅	အံ့ဖွယ်ထူးခြား မာရ်အောင်မြင် ပြည်တော်ပြန်ဘုရား (ဇလွန်မြို့)
၉:၄၅-၃:၄၅	တေးဂီတအစီအစဉ်
၉:၅၀-၃:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၅-၃:၅၅	စားချင်စဖွယ် နည်းအသွယ်သွယ် (အိန္ဒိယနိုင်ငံမြောက်ပိုင်းမှ စွဲမက်ဖွယ်ရာ အစားအသောက်များအကြောင်း)
၁၀:၂၀-၄:၂၀	တေးဂီတအစီအစဉ်
၁၀:၂၅-၄:၂၅	ကလေးများအတွက် ပါးစပ်ထဲမှ သွားကလေးများအကြောင်း သိကောင်းစရာ (ဒေါက်တာမိုလာ)
၁၀:၄၀-၄:၄၀	မိုးလေဝသခန့်မှန်းချက်
၁၀:၅၀-၄:၅၀	ဂီတသမားတို့ရဲ့ရင်ခုန်သံများ (The Excellent Music Band မိတ်ဆက်ပွဲ အခမ်းအနား)
၁၁:၀၀-၅:၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၁၅-၅:၁၅	ကျေးပင်အက်ရေလှောင်တမံ(စစ်ကိုင်းတိုင်း)
၁၁:၂၅-၅:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၃၀-၅:၃၀	တေးဂီတအစီအစဉ်
၁၁:၃၅-၅:၃၅	အားလပ်ချိန်မှာ အကျိုးရှိစွာ ပညာရှာ (Little Artist ပန်းချီသင်တန်းကျောင်း)
၁၂:၀၀-၆:၀၀	Activities in the City (ရန်ကုန်စက်မှုတက္ကသိုလ် မြတ်ဆရာပူဇော်ပွဲ)
၁၂:၃၀-၆:၃၀	Music Gallery (စုမီ-'အမြတ်နိုးဆုံးမင်း')
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

နံနက်ပိုင်း	ပွဲစဉ်များ	ပြသမည့်လိုင်း
၂:၀၀	Newcastle - Man Utd	ESPN (Live)
	Man City - Aston Villa	Star Sports (Live)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထိုင်းနိုင်ငံ ဟွာဟင်းမြို့ရှိ Holiday Inn Resort Hotel ၌ ထိုင်းနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Chavarat Charnvirakul အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထိုင်းနိုင်ငံ ဟွာဟင်းမြို့မှ နေပြည်တော်သို့ပြန်လည်ရောက်ရှိ

နေပြည်တော် မတ် ၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ထိုင်းနိုင်ငံ ဟွာဟင်းမြို့၌ ကျင်းပသည့် (၁၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီးနောက် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ထိုင်းနိုင်ငံမှ ပြည်ထောင်စုမြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရန် မတ် ၁ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင်ခေတ္တတည်းခိုသည့် ဟွာဟင်းမြို့ရှိ Holiday Inn Resort Hotel မှ ဟွာဟင်းလေဆိပ်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိသည်။

ပို့ဆောင်နှုတ်ဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား သဘာဝအရင်းအမြစ်နှင့် ပတ်ဝန်းကျင်ရေးရာ ဝန်ကြီးဌာန ဝန်ကြီး Mr. Suwit Khunkitti နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးအောင်သိမ်း၊ စစ်သံမှူး ဗိုလ်မှူးကြီးဝင်းမောင်နှင့် သံရုံးဝန်ထမ်းများ၊ မိသားစုများက ဟွာဟင်းလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်အား ဝန်ကြီး Mr. Suwit Khunkitti က ခင်မင်ရင်းနှီးစွာ ပို့ဆောင်နှုတ်ဆက်ပြီး ဂုဏ်ပြုပန်းကုံး ပေးအပ်သည်။

ပြန်လည်ရောက်ရှိ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် ထိုင်းနိုင်ငံ ဟွာဟင်းလေဆိပ်မှ ဒေသစံတော်ချိန် မွန်းလွဲ၂နာရီခွဲတွင် ပြန်လည်ထွက်ခွာခဲ့ကြရာ နေပြည်တော်သို့ ညနေ၄နာရီတွင် ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ထိုင်းနိုင်ငံ ဟွာဟင်းမြို့ ဟွာဟင်းလေဆိပ်တွင် သဘာဝ အရင်းအမြစ်နှင့် ပတ်ဝန်းကျင်ရေးရာ ဝန်ကြီးဌာနဝန်ကြီး Mr. Suwit Khunkitti ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထိုင်းနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၂

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဖေဖော်ဝါရီ ၂၈ရက် နံနက်၁၀နာရီတွင် ထိုင်းနိုင်ငံ ဟွာဟင်းမြို့ရှိ ခေတ္တတည်းခိုသည့် Holiday Inn Resort Hotel အခန်းအမှတ် ၅၆၀၁၌ ထိုင်းနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Chavarat Charnvirakul အား လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးအောင်သိမ်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံစစ်သံမှူး ဗိုလ်မှူးကြီးဝင်းမောင်တို့ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန နိုင်ငံခြားဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် အကြံပေးအရာရှိတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး တက်ရောက်

နေပြည်တော် မတ် ၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ (၁၄)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဖေဖော်ဝါရီ၂၆ရက် ည ၇နာရီတွင် Dusit Thani Hotel ၌ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အလုပ်သဘော ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

အမြင်ချင်းဖလှယ်

ညစာစားပွဲတွင် ဒေသတွင်းနှင့် နိုင်ငံတကာ အခြေအနေများကို ဆွေးနွေးကြရာ ဆိုင်ကလုန်း နာဂစ် အလွန်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကာလတိုးမြှင့်ဆောင်ရွက်ရေးနှင့် ဂါဇာအရေးအခင်း ကိစ္စများ၊ ကမ္ဘာ့ငွေကြေးဂယက်အပေါ် အတူတကွ ပူးပေါင်းတွန်းလှန် ကျော်လွှားရေးနှင့် ဒေသတွင်း တရားမဝင် ရွှေ့ပြောင်းလုပ်သားများ ကိစ္စရပ်များအပေါ် အမြင်ချင်း ဖလှယ်ကြသည်။

ဝန်ကြီးဦးဉာဏ်ဝင်းသည်ဖေဖော်ဝါရီ ၂၇ရက် နံနက်၉နာရီတွင် ထိုင်းနိုင်ငံ ဟွာဟင်းမြို့ Dusit Thani Hotel Napalai Ballroom(B) ၌ ကျင်းပသည့် အာဆီယံထိပ်သီးအစည်းအဝေးအကြို အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘော အစည်းအဝေးသို့ တက်ရောက်သည်။

ဆွေးနွေး

အဆိုပါ အစည်းအဝေးတွင် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်သို့ တူရကီနိုင်ငံဝင်ရောက်ရေးကိစ္စ၊ ဥရောပသမဂ္ဂနှင့် ဥရောပကောင်စီတို့ Treaty of Amity Cooperation(TAC) ဝင်ရောက်ရေးကိစ္စ၊ အာဆီယံဆက်စပ် ထိပ်သီး အစည်းအဝေးများ ကျင်းပရန်ရက် ညှိနှိုင်းဆုံးဖြတ်ရေး၊ အာဆီယံအစည်းအဝေးများကျင်းပရေး အချိန်ဇယား သတ်မှတ်ရေးတို့ကိုဆွေးနွေးကြသည်။

ယင်းနောက် ဝန်ကြီးဦးဉာဏ်ဝင်းသည် အာဆီယံ ပူးပေါင်းညှိနှိုင်းရေးကောင်စီ အစည်းအဝေးကို ဆက်လက်တက်ရောက်ခဲ့ပြီး အဆိုပါ အစည်းအဝေးတွင် အာဆီယံ ဝန်ကြီးများက ၂၀၀၉ခုနှစ် အာဆီယံ အတွင်းရေးမှူးချုပ်ရုံး ဘတ်ဂျက်ကို အတည်ပြုခြင်း၊ အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ် ခန့်အပ်မှုကို အတည်ပြုပေးခြင်း၊ အာဆီယံအမြဲတမ်း ကိုယ်စားလှယ် ခန့်အပ်ရေး(Interim Guideline)နှင့်အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးထူထောင်ရေး၊ အာဆီယံ ပဋိညာဉ်စာတမ်း အကောင်အထည် ဖော်ရေးတို့နှင့် အာဆီယံ အသိုက်အဝန်း သုံးခုတို့ အကောင်အထည်ဖော်ရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

တွေ့ဆုံ

ထို့နောက် ဝန်ကြီးဦးဉာဏ်ဝင်းသည် နံနက် ၁၀ နာရီ ၄၅မိနစ်တွင် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံ လူ့အခွင့်အရေး အဖွဲ့အစည်း ထူထောင်ရေးဆိုင်ရာ အဆင့်မြင့် အရာရှိကြီးအဖွဲ့နှင့် လည်းကောင်း၊ အာဆီယံပဋိညာဉ်စာတမ်း အကောင်အထည်ဖော်ရေးဆိုင်ရာ အဆင့်မြင့် ဥပဒေကျွမ်းကျင်သူများအဖွဲ့နှင့်လည်းကောင်း တွေ့ဆုံခဲ့ပြီး ဥပဒေရေးရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

ဥတုရာသီ တောကိုမှီ၏

● *ကျောဖုံးမှ*

တနင်္သာရီတိုင်းသည် နိုင်ငံတော်၏ တောင်ဘက်စွန်းတွင်ရှိပြီး အခြားပြည်နယ်၊ တိုင်းများနှင့် ကူးလူးဆက်သွယ်ရာတွင် ရေကြောင်းနှင့် လေကြောင်းသာ အဓိက အားထားနေခဲ့ရသဖြင့် စီးပွားရေးလုပ်ငန်းများအတွက် ရေခံမြေခံ အခြေခံကောင်းများ ရှိခဲ့သည်။

ဖွင့်လှစ်ပေး

နိုင်ငံတော်က တနင်္သာရီတိုင်းအတွက် မဟာဗျူဟာကျသည့် ထားဝယ်-မြိတ်-တနင်္သာရီ-ဘုတ်ပြင်း- ကော့သောင် ကားလမ်းဖောက်လုပ်ခြင်းနှင့် လိုအပ်သည့် မြစ်ကူး၊ ချောင်းကူးတံတားများ တည်ဆောက်ပေးလျက်ရှိရာ တနင်္သာရီတိုင်း ဘုတ်ပြင်းမြို့နယ် ပြည်ကြီးမဏ္ဍိုင်မြို့တွင် လေညှာ-မဏ္ဍိုင်တံတားကို ၂၀၀၃ခုနှစ် အောက်တိုဘာ ၂၃ရက်က ဖွင့်လှစ်ပေးခဲ့သည်။

သံကူကွန်ကရစ်တံတား

လေညှာ-မဏ္ဍိုင်တံတားမှာ ပေ ၈၆၀ရှည်ပြီး၊ ယာဉ်သွားလမ်း အကျယ် ၂၄ပေ၊ တံတားပေါ်တွင် တစ်ဖက်လျှင် သုံးပေစီကျယ်သည့် လူသွားလမ်းပါရှိပြီး သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ကာ တံတား၏ခံနိုင်ဝန်မှာ တန်၆၀ဖြစ်သည်။

ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ပေါ်လာရေးတွင် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရန် အထူးလိုအပ်ပေရာ ပြည်နယ်နှင့်တိုင်း တစ်ခုနှင့်တစ်ခု၊ ဒေသတစ်ခုနှင့်တစ်ခု သွားလာဆက်သွယ်မှုလွယ်ကူမှသာ တိုင်းရင်းသားအချင်းချင်း တစ်ဦးနှင့်တစ်ဦး ပိုမိုနားလည်ကာ ပြည်ထောင်စုစိတ်ဓာတ် မြင့်မားလာမည်ဖြစ်ပါကြောင်း သတင်းမှတ်စုအဖြစ် ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

မကွေးမြို့နယ်အသင်း (ရန်ကုန်) အသင်းသားစုံညီ အစည်းအဝေး ကျင်းပမည်

ရန်ကုန် မတ် ၂

မကွေးမြို့နယ်အသင်း ရန်ကုန်၏ အသင်းသားစုံညီ အစည်းအဝေးကို မတ် ၄ရက်(ဗုဒ္ဓဟူးနေ့) နံနက်၉နာရီတွင် ဦးကြည်မောင်-ဒေါ်အေးမြင့် (ထွန်းမိသားစု သစ်စက်) အမှတ်၁၀၃၀/၃၁ သုမင်္ဂလာလမ်း (၁၆/၁)ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်နေအိမ်၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများအားလုံး တက်ရောက်ကြရန် နှိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း သဘာဝဘေး ဖောင်ပိတ်သတင်း

အမေရိကန်၌ ဆီးနှင်းများထူထပ်စွာကျဆင်း လေယာဉ်ခရီးစဉ်များ နှောင့်နှေးခဲ့ရ

ဝါရှင်တန် မတ် ၂

အမေရိကန်နိုင်ငံ အလာဘားမားနှင့် ဂျော်ဂျီယာပြည်နယ် တောင်ပိုင်းဒေသများတွင် မတ်၂ရက်က ဆီးနှင်းများ ထူထပ်သိပ်သည်းစွာ ကျဆင်းခဲ့ပြီး နှင်းမုန်တိုင်းများ တိုက်ခတ်ခဲ့သဖြင့် လေယာဉ်ခရီးစဉ်များ နှောင့်နှေးခဲ့ကြောင်း အမေရိကန် အမျိုးသားသဘာဝဘေးကာကွယ်ရေးဆိုင်ရာဌာနမှ သတင်းထုတ်ပြန်သည်။

ဆီးနှင်းများမှာ အမြင့်၄၇စင်တီမီတာ အထိကျဆင်းခဲ့ပြီး နယူးယောက်မြို့၌ ၃၃စင်တီမီတာအထိ ဆီးနှင်းများကျဆင်းခဲ့သည်။ နှင်းမုန်တိုင်းများ ဆက်လက်တိုက်ခတ်ပြီး မိုးများရွာသွန်းနိုင်ကြောင်း အဆိုပါသတင်း၌ သတိပေး ကြေညာထားသည်။

ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်၌ မိုးကြီး အိမ်၇၀၀ခန့်ရေလွှမ်း ဒေသခံအများအပြား ရေဘေးဒုက္ခကြုံတွေ့

ကွင်းစလန်း မတ် ၂

ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်တွင် မတ်၂ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် ရေလွှမ်းမှုများဖြစ်ပေါ်လျက်ရှိကြောင်း ဩစတြေးလျ အရာရှိများက ပြောကြားသည်။

လွန်ခဲ့သည့် နှစ်ရက်ခန့်က စတင်ကာ မိုးအဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် ရေလွှမ်းမှုများဖြစ်ပေါ်ကာ နေအိမ်၇၀၀ခန့် ရေနစ်မြုပ်ခဲ့ပြီး ဒေသခံပြည်သူ၅၀၀ခန့် ရေဘေးဒုက္ခ ကြုံတွေ့ရသည်ဟု ၎င်းတို့က ဆက်လက်ပြောကြားသည်။ (အင်တာနက်)

မလှိုင်မြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ကွင်းဆင်း ခွဲစိတ်ကုသ

ရန်ကုန် မတ် ၂

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်း၏ စီစဉ်ကြီးကြပ်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားလူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်သည့် မလှိုင်မြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား မျက်စိအခမဲ့စမ်းသပ်ခွဲစိတ်ကုသမှုလုပ်ငန်းများကို ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၁ ရက်အထိ မန္တလေးတိုင်း မိတ္ထီလာခရိုင် မလှိုင်မြို့တွင် ပြုလုပ်ခဲ့ကြသည်။

လိုက်ပါ

အဆိုပါ ခရီးစဉ်ကို ရန်ကုန်မြို့မှ မျက်စိအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာ ဦးတင်ဝင်း ဦးဆောင်၍ ဒေါက်တာ ဒေါ်ခင်ဆန်းနွယ် လိုက်ပါပြီး မျက်စိအထူးကုဆရာဝန်များ ဖြစ်ကြသော ဒေါက်တာနီလာသိန်း၊ ဒေါက်တာဆွေဦးလွင်၊ ဒေါက်တာနုနုရင်၊ ဒေါက်တာသိန်းထွဋ်၊ ဒေါက်တာနန်းအိရွှေစင်၊ ဒေါက်တာရီလင်း၊ ဒေါက်တာ အောင်မိုးထွန်း၊ ဒေါက်တာ ကျော်စွာဝင်း၊ ဒေါက်တာ နိုင်လင်းအေး၊ ဒေါက်တာအောင်နေဦး၊ ဒေါက်တာ နှင်းယုချစ်ဆိုင်၊ ဒေါက်တာ ဇေဇီကျော်၊ ဒေါက်တာလှိုင်းလှိုင်း၊ ဒေါက်တာယုယုသိန်း၊ ဒေါက်တာကိုကိုလင်း၊ ဒေါက်တာမေကိုကိုသက် တို့နှင့် သူနာပြုဆရာမ ၁၂ ဦး၊ A LCON ကုမ္ပဏီမှကျွမ်းကျင်ပညာရှင် နှစ်ဦးတို့လိုက်ပါခဲ့ကြသည်။

အခမဲ့ပေးလှူ

အဆိုပါ မျက်စိအထူးကုအဖွဲ့သည် မလှိုင်၊ မိတ္ထီလာ၊ ပျော်ဘွယ်မြို့နှင့် အနီးပတ်ဝန်းကျင်မြို့နယ်ရပ်ကွက်ကျေးရွာများမှ မျက်စိဝေဒနာရှင်ပေါင်း ၃၁၅၁ဦးကို အခမဲ့စမ်းသပ် ကုသပေးခဲ့ကြပြီး အတွင်းတိမ်ဝေဒနာရှင် ၄၇၃ဦးကို အောင်မြင်စွာခွဲစိတ်ကုသ ပေးခဲ့ကြသည်။ မျက်မှန် ပါဝါလိုအပ်သူ ၁၁၃၆ဦးကို မျက်မှန်များ ပေးအပ်ခဲ့ကြပြီး မျက်စဉ်းဆေးဝါးများကိုလည်း အခမဲ့ ပေးလှူခဲ့ကြသည်။

အဆိုပါ ခရီးစဉ်အတွက် လိုအပ်သော ဆေးဝါးပစ္စည်းများနှင့် ကုန်ကျစရိတ်အဝဝကို အမှတ် (၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမောက်နှင့် ဇနီး ဒေါ်ခင်ဝင်းကြည်မိသားစု၊ Mother Trading Co. Ltd ·မှ မန်နေဂျင်း ဒါရိုက်တာ ဦးအောင်မြတ်တို့က လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မျက်စိအခမဲ့ စမ်းသပ်ကုသပေး

ရန်ကုန်မြို့မှ မျက်စိအထူးကုဆရာဝန်ကြီးများ မလှိုင်မြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား မျက်စိအခမဲ့စမ်းသပ် ကုသပေးစဉ်။

(သတင်းစဉ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ပြပွဲ၊ပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲ စစ်ကိုင်းတိုင်း၌ကျင်းပ

ရန်ကုန် မတ် ၂

စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် ဖေဖော်ဝါရီ ၂၈ရက်က မုံရွာမြို့ မြို့တော်ခန်းမ၌ကျင်းပသော စစ်ကိုင်းတိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ ၂၀၀၉ခုနှစ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ပြပွဲ၊ ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့တက်ရောက်၍ အမှာစကားပြောကြားပြီး ကော်မတီအတွင်းရေးမှူး တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်ဝေနှင့် ကော်မတီဝင် တိုင်းကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနမှူး ဦးသန်းကျော်ဖေတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဆောင်ရွက်ချက်များနှင့် စည်းကမ်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

ဆုများချီးမြှင့်

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် အလှူရှင်များ၏ တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီသို့ ပေးအပ်လှူဒါန်းငွေများကို လက်ခံကြပြီး ဝတ္ထုတို၊ ကဗျာ၊ ဆောင်းပါး၊ စာစီစာကုံး၊ ပန်းချီနှင့် ကာတွန်းပြိုင်ပွဲများ၌ ဆုရရှိသူများအား ဆုများကိုပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

ပညာပေးဟောပြော

မတ် ၁ရက်က လသာမြို့နယ် အမှတ်(၂)ရပ်ကွက် အမက(၁) လသာကျောင်း ခန်းမဆောင်၌ကျင်းပသော ရန်ကုန်တိုင်း အနောက်ပိုင်းခရိုင် လသာမြို့နယ်၏ ရက်သတ္တပတ်မှုခင်းကျဆင်းရေးနှင့်မှုခင်းကင်းမဲ့ရေး ပညာပေးဟောပြောပွဲ၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသိန်းဦးက ပညာပေးဟောပြော ဆွေးနွေးစဉ်။

(၁၀၆)

မြန်မာနယူးစ်ဝိဒ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၂

"မြန်မာငွေကြေးတန်ဖိုးတက်လာ၍ နယ်စပ်တွင် ကုန်သည်များ အကျိုးအမြတ်ပိုမိုရရှိနိုင်" သတင်းပါရှိသည့် မြန်မာနယူးစ်ဝိဒ်ဂျာနယ်အတွဲ(၂)၊ အမှတ်စဉ်(၆၇)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

ယနေ့ဖြန့်ချိလိုက်သည့် မြန်မာနယူးစ်ဝိဒ်ဂျာနယ်တွင် မြန်မာနိုင်ငံစာပေစိစစ်ရေးရုံးတွင် ePSR စနစ်များဖြင့် နောက်ပိုင်းတွင် ပြောင်းလဲစိစစ်မည်၊ ၂၀၁၀ပြည့်နှစ်တွင် Global 3D Fund အဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လာမည်၊ မြန်မာဗီယက်နမ်ကုန်သွယ်မှု တိုးချဲ့မည်၊ Air Bagan မှ ယခင်ရပ်နားထားသော ပြည်တွင်းခရီးစဉ် ပြန်လည်ပြေးဆွဲပေးမည်၊ UK တွင် ခြောက်လ ကျောင်းတက်ပြီး စတာလင် ပေါင်တစ်သောင်းကျော်အထိ ရရှိနိုင်၊ နိဗ္ဗာန်ယာဉ်ကားများကို ရေဝေးသုသာန်တွင် ရပ်နားရတော့မည်၊ မြန်မာ-တရုတ်နယ်စပ်၌ ရှားပါးသော ကျားမျိုးတွေ့ရှိ၊ ပါမောက္ခဒေါက်တာ ဦးသံစစ်နှင့် 'B' ပိုးအမေးအဖြေ၊ 'ဘီ' သွေးပိုင်ရှင်များအကြောင်း၊ မြန်မာနိုင်ငံမှထိုင်းနိုင်ငံသို့ ဆေးကုရန် သွားရောက်သူအရေအတွက် တိုးပွားလာ၊ တော်ဝင်တံတားကို မတ် ၂၇ ရက်တွင် ဖွင့်မည်၊ တံတားကိုကွယ်နေသော Bill Board တွေကို ဖြုတ်သိမ်းမည်၊ YCDC မှ တံတား ခြောက်စင်းကို တည်ဆောက်ပေးနေ၊ ကမ္ဘာ့စားနပ်ရိက္ခာနေ့တွင် စစ်ကိုင်းတိုင်းမှ ပျားရည် FAO ဆုရရှိ၊ နှစ်ချင်းပေါက်အောင်မြင်ဖူးသော မျက်မမြင်ကျောင်းမှ တက္ကသိုလ်ဝင်တန်းစာမေးပွဲဝင်ဖြေမည်၊ မလေးရှားရောက် မြန်မာအလုပ်သမားများ မြန်မာနိုင်ငံသို့ ခေတ္တပြန်လာကြ၊ ဟောလိဝုဒ်အကယ်ဒမီ ရှစ်ဆုရရှိသော ရုပ်ရှင်ကားမှ သရုပ်ဆောင်အိန္ဒိယကလေးများ နေ့ချင်းညချင်းကြီးပွား၊ ဟစ်ဇ်ဘိုလာမှ အစ္စရေးအတွက် နောက်ထပ်စစ်ပွဲတစ်ပွဲ ပြင်ဆင်နေ၊ အိုဘားမားက အစ္စရေးကို ကာကွယ်မှာ သေချာလား၊ မြောက်ကိုရီးယားက ဒုံးပျံလွှတ်တင်လျက်ရှိ၊ စစ်မဲ့ဇုန်အတွင်းဝင်ရောက်လာသည့် အမေရိကန်တပ်ဖွဲ့များကို မြောက်ကိုရီးယားအစိုးရသတိပေး၊ ဒုတိယကိုရီးယားစစ်ပွဲဖြစ်တော့မှာလား၊ မြောက်ကိုရီးယားမှ တောင်ကိုရီးယားအခြေစိုက်အမေရိကန်စစ်တပ်ကို အပြင်းအထန်သတိပေးမည်၊ ၂၀၀၉ ခုနှစ် အော်စကာဆုပေးပွဲတက်ရောက်လာသူတို့ရဲ့ ဖက်ရှင် စသည့် နောက်ဆုံးရပြည်တွင်းပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိဒ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိသည်ဟု သိရသည်။ **(သတင်းစဉ်)**

သင့်ကြောင့် မီးမလောင်ပါစေနှင့်

ကမာရွတ်မြို့နယ် အမှတ် (၃) ရပ်ကွက်မှုခင်းကျဆင်းရေး ရက်သတ္တပတ် ပူးပေါင်းဆောင်ရွက် အသိပညာပေး ဟောပြောပွဲကို မတ် ၂ ရက်က အထက(၅) သပြေခန်းမ၌ ပြုလုပ်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးရွှေမန်း ဟောပြောဆွေးနွေးစဉ်။

(မြို့နယ် ရဲတပ်ဖွဲ့)

ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်၊

(ခ) မီးထွန်းညှိ ပူဇော်သုံးစွဲနေရင်း အိပ်စက်ခြင်းလုံးဝ (လုံးဝ) မပြုလုပ်ရန်၊

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

(မီးသတ်ဦးစီးဌာန)

ပြည်တက္ကသိုလ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးဟောပြော

ရန်ကုန် မတ် ၂

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ ယာဉ်ထိန်းရဲတပ်ဖွဲ့က ကြီးမှူးကျင်းပသည့် ပြည်တက္ကသိုလ် ကျောင်းသားကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၇ရက် မွန်းလွဲ ၁နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ပြည်တက္ကသိုလ်ပါမောက္ခချုပ် ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့မှ လက်ထောက်အင်ဂျင်နီယာ ဦးအောင်ဇော်ဦးက ရုံးလုပ်ငန်းကိစ္စရပ်များနှင့် ပတ်သက်၍လည်းကောင်း၊ ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တာဝန်ခံ ဒုတိယရဲမှူး မြတ်ဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အကြောင်းအရာများကိုလည်းကောင်း**(အပေါ်ပုံ)**၊ ရဲအုပ်အေးမြင့်က မော်တော်ယာဉ်နှင့် ဆိုင်ကယ်စီးနင်းသူများ လိုက်နာရမည့် စည်းကမ်းချက်များကိုလည်းကောင်း၊ ရဲအုပ်ကျော်အောင်က စက်ဘီးစီးသူနှင့် ခြေကျင်လျှောက်သူများ လိုက်နာရမည့် စည်းကမ်းများကိုလည်းကောင်း၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန တိုင်းဦးစီးမှူး ဒေါ်ရင်ရင်မြက ခရီးသည်နှင့် ကုန်စည်ကားများ လိုက်နာရမည့် စည်းကမ်းများကိုလည်းကောင်း အသီးသီး ဟောပြောခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

IBTC OPEN GOLF CHAMPIONSHIPS
ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် မတ် ၂

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် Myanmar P.G.A တို့ကကြီးမှူး၍ International Beverages Trading Co.,Ltd. က အဓိကကူညီပံ့ပိုးသော မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ (Myanmar Golf Tour 2008-2009)၏ IBTC Open Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲ ရန်ကုန် နောက်ဆုံးပွဲစဉ်အဖြစ် စတုတ္ထနေ့ (၁၈) ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်သည့် အခမ်းအနားကို ဖေဖော်ဝါရီ ၂၇ရက် ညနေပိုင်းက ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ရန်ကုန် ဂေါက်ကလပ်(ဒညင်းကုန်း)၌ ဆက်လက်ကျင်းပသည်။

လက်ဆောင်ပေးအပ်

စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပရာ International Beverages Trading Co.,Ltd.မှ အမှုဆောင် ဒါရိုက်တာဦးတင့်ဦးက အထူးဧည့်သည်တော်များအားဂါရဝပြုလက်ဆောင်များကိုပေးအပ်ပြီး HoleIn-One ဆုရရှိသော အောင်ဝင်း(သစ်တော) အား ဆုကိုပေးအပ်ချီးမြှင့်သည်။

ထို့နောက် IBTC ၏ CNC Department မှ ဦးရဲတင့်က ဂေါက်ဘောလုံး ၁၁လုံးဖြင့် Most Par ဆုရရှိသော ဒေါက်တာမောင်လှ၊ ဂေါက်ဘောလုံးနှစ်လုံးဖြင့် Most Birdie ဆုရရှိသော ဦးသန်းလှိုင်ဇော်၊ Best Looser ဆုရရှိသော အောင်ထက်ဒိုးတို့အား ဆုများပေးအပ်ချီးမြှင့်ပြီး IBTC မှ Production ဒါရိုက်တာ ဦးဇော်ထိုက်က Handicap Division ပြိုင်ပွဲတွင် Nett အချက်၇၀ဖြင့်တတိယရရှိသော ကိုကိုအောင်၊ Nett ၆၉ ချက်ဖြင့် ဒုတိယရရှိသော ဦးမင်းသိန်းနှင့် Nett ၇၆ ချက်ဖြင့် ပထမရရှိသော ကျော်စိုးဝင်းတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆုများချီးမြှင့်

ယင်းနောက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အမှုဆောင်ဦးကိုကိုလေးက အမျိုးသား အပျော်တမ်းအဆင့် ပြိုင်ပွဲတွင် နေ့အလိုက်အကောင်းဆုံးရိုက်ချက် (Daily Best) ဆုရရှိကြသူများအားလည်းကောင်း၊ Professional အဆင့်ပြိုင်ပွဲတွင် နေ့အလိုက် အကောင်းဆုံးရိုက်ချက် (Daily Best) ဆုရရှိကြသူများအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးသောင်းထိုက်က အမျိုးသား အပျော်တမ်းအဆင့်ပြိုင်ပွဲတွင် စုစုပေါင်း ရိုက်ချက် ၂၉၆ချက်ဖြင့် တတိယရရှိသော သန်းဇော်၊ စုစုပေါင်းရိုက်ချက် ၂၈၅ ချက်ဖြင့် ဒုတိယရရှိသော နေဗလဝင်းမြင့်နှင့် စုစုပေါင်းရိုက်ချက် ၂၈၁ချက်ဖြင့် ပထမရရှိသော အောင်ဝင်း (သစ်တော)**(အပေါ်ပုံ)** တို့အား ဆုများကို ပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေနာယက ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က Professional အဆင့်ပြိုင်ပွဲတွင် စုစုပေါင်း ရိုက်ချက်၂၈၉ချက်ဖြင့် တတိယရရှိသော ဇော်ဇင်ဝင်း (Srixon)၊ စုစုပေါင်းရိုက်ချက် ၂၈၉ ချက်ဖြင့် ဒုတိယရရှိသော နိုင်နိုင်လင်း (Point Golf Shop)နှင့် စုစုပေါင်းရိုက်ချက်၂၈၅ချက်ဖြင့် ပထမရရှိသော ဇော်ဇော်လတ် (Srixon)တို့အား ဆုများကိုပေးအပ်ချီးမြှင့်ကာ IBTC မှ အမှုဆောင်ဒါရိုက်တာဦးတင့်ဦးက Professional အဆင့်ပြိုင်ပွဲတွင် ပထမရရှိသော ဇော်ဇော်လတ် (Srixon)အား ဆုကြေးငွေချက်လက်မှတ်ကို ပေးအပ်ချီးမြှင့်သည်။

ချက်လက်မှတ်ပေးအပ်

ထို့နောက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေဥက္ကဋ္ဌ ဦးတေဇ ချီးမြှင့်သော ဂုဏ်ပြုဆုနှင့် ဆုကြေးငွေများကို ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက အမျိုးသားအပျော်တမ်းအဆင့်ပြိုင်ပွဲတွင် ပထမရရှိသော အောင်ဝင်း (သစ်တော) အားလည်းကောင်း၊ Professional အဆင့်ပြိုင်ပွဲတွင် ပထမရရှိသော ဇော်ဇော်လတ် (Srixon)အား ဆုကြေးငွေချက်လက်မှတ်ကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် International Beverages Trading Co.,Ltd.က ချီးမြှင့်သော အမှတ်တရလက်ဆောင်ကို IBTC မှ အမှုဆောင်ဒါရိုက်တာဦးတင့်ဦးက ပေးအပ်ရာ ရန်ကုန်ဂေါက်ကလပ်အမှုဆောင် အဖွဲ့ဝင် ဦးရွှေထွန်းလှိုင်ကလက်ခံပြီး မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ရန်ကုန်ဂေါက်ကွင်းသို့ ချီးမြှင့်သော ငွေကျပ်သိန်း၂၀ကို မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်က ပေးအပ်ရာ ရန်ကုန်ဂေါက်ကွင်းအမှုဆောင်အဖွဲ့ဝင် ဦးခိုင်စိုးသာက လက်ခံသည်။

ပံ့ပိုးကူညီ

အဆိုပါပြိုင်ပွဲကို မြန်မာ့ဂေါက်သီးအကျော်အမော်များ ပေါ်ထွက်လာရေးအတွက် ရည်ရွယ်၍ Main Sponsor အဖြစ် International Beverages Trading Co.,Ltd.က အဓိကကူညီပံ့ပိုးပြီး Co-Sponsors များအဖြစ် KBZ Bank, Air Bagan Ltd.,Hotel Yangon, Ruby Dragon Jade and Gems Co.,Ltd. Srixon,MGW Construction Ltd. Myanmar Red Star International Co.,Ltd. KM Golf Center, Aceel International Co.,Ltd. (Canon). Alpine Purified Drinking Water, My Associate Co.,Ltd., ကျားခေါင်းဘိလပ်မြေစက်ရုံ၊ Life Line Co.,Ltd. နှင့်(DHEA Plus) တို့က ထပ်မံပံ့ပိုးကူညီကြကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် သစ်ရာကောက် ကျေးရွာနှင့် ဆူးပစ်စမ်းကျေးရွာချင်းဆက် မြေသားလမ်း အရှည်ပေ၄၀၀၀၊ အကျယ် ၁၂ပေဆောင်ရွက်မှုလုပ်ငန်းကို ဇန်နဝါရီ ၂၄ရက်က မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် အင်ဂျင်နီယာမှူး ဦးဝင်းမြင့်တို့ ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာ ဦးအောင်ကျော်မင်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

လောင်စာတွေကိုရှင်း မီးဘေး အန္တရာယ်ကင်း

ပညာဒါနပြုမည်

ရန်ကုန် မတ် ၂

ရန်ကုန်မြို့ တာမွေမြို့နယ် မာန်အောင်ရပ်ကွက် အေးသာယာလမ်းနှင့် မိုးကောင်းလမ်းထောင့် အဝိုင်းလေး ဘောက်ထော်မှတ်တိုင်အနီးရှိ စာသင်ဆောင်တွင် ဘာသာစကားများ၊ အီလက်ထရွန်နစ်ပညာ၊ အခြေခံစာရင်းကိုင်ပညာ (LCCI-Level I, II)၊ စီးပွားဖြစ် စားသောက်ကုန်ထုတ်လုပ်နည်း အထူးသင်တန်း၊ အပတ်စဉ်(၃၃) သုံးလသင်တန်းကို ပညာဒါနအဖြစ် မတ် ၇ရက်(စနေနေ့)၌ စတင်ပို့ချသင်ကြားပေးမည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

ထို့အပြင် ရှစ်နှစ်မှ၁၅နှစ်အထိ ကလေးများအတွက် နွေမှာပျော်၊ နွေမှာတော် ယဉ်ကျေးလိမ္မာ၊ အင်္ဂလိပ်စကား၊ တရုတ်စကား၊ ပညာဒါနအပတ်စဉ်(၈)သုံးလသင်တန်းကိုလည်း မတ် ၁၂ရက်(ကြာသပတေးနေ့)တွင် ဖွင့်လှစ်မည်ဖြစ်ရာ မည်သူမဆို ကျောင်းသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၄၀၀၁၆၃သို့ ဖြစ်စေ ဆက်သွယ်စုံစမ်း တက်ရောက်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း ရွေးချယ်ဖွဲ့စည်းရန် လူရွေးပွဲများ မတ် ၃၊ ၄ ရက်နှင့် ၆ရက်၌ ကျင်းပမည်

သတင်းမှတ်စု-ဖိုးသော်ဇင် ❖ ဓာတ်ပုံမှတ်တမ်း-စိုင်းရဲရင့် ❖ စာမျက်နှာဖွဲ့စည်းမှု-မေသန်း(မြန်မာ့အလင်း)

ရန်ကုန် မတ် ၂

မြန်မာ့လက်ရွေးစင် အမျိုးသားဘောလုံးအသင်း ရွေးချယ်ဖွဲ့စည်းရန်အတွက် လူရွေးခြေစမ်းပွဲများကို မတ် ၃ ရက်(ယနေ့)၊ ၄ရက်နှင့် ၆ရက်တို့တွင် အောင်ဆန်းကွင်း၌ ကျင်းပသွားမည် ဖြစ်သည်။ အဆိုပါလူရွေးပွဲအတွက် အဆင့်မြင့်တန်း အမှတ်ပေးပြိုင်ပွဲတွင် ခြေစွမ်းပြကစားနေသူ ၄၇ဦးအား ရွေးချယ်ထားပြီး လူရွေးပွဲ သုံးပွဲကျင်းပကာ ပထမလက်ရွေးစင် ၂၅ ဦး ရွေးချယ်သွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းမှာ အနီးကပ်ဆုံး နိုင်ငံတကာပြိုင်ပွဲအဖြစ် ဧပြီလအတွင်း ကျင်းပမည့် AFC Challenge Cup ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲကို ဝင်ရောက်

စွမ်းအင်အသင်းခေါင်းဆောင် ဇော်ထက်အောင်။

ယှဉ်ပြိုင်ရန်ရှိသည်။ ယင်းပြိုင်ပွဲမှာ မြန်မာအသင်းအတွက် ၂၀၁၁အာရှဖလားပြိုင်ပွဲ ဝင်ခွင့်အတွက် နောက်ဆုံးမျှော်လင့်ချက်လည်းဖြစ်ပြီး ထိုပြိုင်ပွဲတွင် ဗိုလ်စွဲမှသာ အာရှဖလားကို တစ်ကျော့ပြန် ပြန်လည်ဆင်နွှဲနိုင်မည်ဖြစ်သည်။ မြန်မာအသင်းမှာ AFC Challenge Cup ပြိုင်ပွဲအတွက် ပြင်ဆင်ရင်းမှ လာမည့်(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက်ပါ ပြင်ဆင်ထားပြီးဖြစ်ရန် ယခုပြိုင်ပွဲကို အသက်(၂၃)နှစ်အောက် ကစားသမားများဖြင့်သာ ဖွဲ့စည်း ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

AFC Challenge Cup ပြိုင်ပွဲဝင်မည့် မြန်မာအသင်းကို နည်းပြချုပ်အဖြစ် နိုင်ငံဂုဏ်ဆောင် ဘောလုံးသမားဟောင်း ဦးတင်မြင့်အောင်က ကိုင်တွယ်မည်ဖြစ်ပြီး လက်ထောက်နည်းပြအဖြစ် ဦးဇော်ဝင်းထွန်း၊ ဂိုးနည်းပြအဖြစ် ဦးအောင်ကျော်ကျော်တို့က တာဝန်ယူ ဆောင်ရွက်ကြမည်ဖြစ်သည်။ ဦးတင်မြင့်အောင်သည်။ ၂၀၀၃ခုနှစ်က မြန်မာ့လက်ရွေးစင်အသင်း၏ လက်ထောက်နည်းပြအဖြစ် စတင်ဆောင်ရွက်ခဲ့ဖူးသူဖြစ်ပြီး ၂၀၀၆ ခုနှစ်တွင် မြန်မာ ယူ-၂၃ အသင်းနည်းပြချုပ်၊ ၂၀၀၈ ခုနှစ်တွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း၏ နည်းပြချုပ်အဖြစ် ဆောင်ရွက်ခဲ့ဖူးသူဖြစ်သည်။

အုပ်စု

၂၀၁၀ပြည့်နှစ် AFC Challenge Cup ပြိုင်ပွဲအတွက် ခြေစစ်ပွဲအုပ်စုများကို ရေးဆွဲထုတ်ပြန်ရာ မြန်မာအသင်းမှာ အုပ်စု (က)၌ အိမ်ရှင်ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ မွန်ဂိုလီးယား(သို့မဟုတ်)မကာအိုတို့နှင့်အတူ ကျရောက်နေပြီး ခြေစစ်ပွဲတွင် အသင်း ၁၇ သင်းယှဉ်ပြိုင်ကြမည်ဖြစ်ကာ ခြေစစ်ပွဲ အုပ်စုလေးစုခွဲ၍ ကျင်းပမည်ဖြစ်သည်။ ခြေစစ်ပွဲအောင် အသင်းကိုးသင်းမှာ ၂၀၀၈ခုနှစ် ပြိုင်ပွဲတွင် ပထမဆုရ အိန္ဒိယအသင်း၊ ဒုတိယဆုရ တာဂျစ်ကစ္စတန်အသင်း၊ တတိယဆုရ မြောက်ကိုရီးယားအသင်းတို့နှင့်အတူ ၂၀၁၀ ပြည့်နှစ်၌ ကျင်းပမည့် နောက်ဆုံးအဆင့် ပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာအသင်းမှာ ၂၀၀၈ ခုနှစ်ပြိုင်ပွဲတွင် အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သော်လည်း အကြိုဗိုလ်လုပွဲတွင် အိမ်ရှင်အိန္ဒိယကို တစ်ဂိုး-ဂိုးမရှိဖြင့် ကပ်၍ ရှုံးနိမ့်ခဲ့သလို တတိယလုပွဲ၌လည်း မြောက်ကိုရီးယားကို လေးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြန်သောကြောင့် စတုတ္ထနေရာနှင့် ကျေနပ်ခဲ့ရသလို အာရှဖလားပြိုင်ပွဲ တိုက်ရိုက်ဝင်ခွင့်နှင့်လည်း လွဲချော်ခဲ့ရသည်။ တစ်ချိန်က အာရှတွင် ကြီးစိုးခဲ့ဖူးသည့် မြန်မာအသင်းအတွက် လာမည့် ၂၀၁၀ AFC Challenge Cup ပြိုင်ပွဲမှာ အာရှဖလားပြိုင်ပွဲယှဉ်ပြိုင်ခွင့်ရရန် အကောင်းဆုံး အခွင့်အရေးတစ်ရပ်ပင် ဖြစ်သည်။

မတ် ၃ရက်၊ ၄ရက်နှင့် ၆ရက်များတွင် ကျင်းပမည့်လူရွေးပွဲအတွက် ယူ-၂၃ ကစားသမား ၄၇ဦး ရွေးချယ်ထားရာတွင် မြန်မာ့လက်ရွေးစင်အဖြစ် ပြည်ပပြိုင်ပွဲများတွင် ကစားဖူးသူ ၁၉ ဦးသာ ပြန်လည်

Air Bagan အသင်းမှ အလယ်တန်းကစားသူ တင်ဝင်းအောင်ရဲ့ကစားဟန်။

ပါဝင်လာပြီး မျက်နှာသစ် ကစားသမားအချို့လည်း ပါဝင်လာခဲ့သည်။ မျက်နှာသစ်ကစားသမားများမှာ သစ်တောရေးရာမှ ခိုင်ဇော်ထွန်း၊ ပို့ဆောင်ရေးမှ ကောင်းမြတ်ဦး၊ မြန်မာ့မီးရထားမှ ကျော်ကျော်မျိုးနှင့် ဆောက်လုပ်ရေးမှ ဇော်ဇော်ဦးတို့ဖြစ်ကြပြီး လက်ရွေးစင်ကစားသမားများမှာ ကျော်ဇင်ထက်(ဂိုး)၊ အေးဆန်း၊ ကျော်ဇေယျာဝင်း၊ မိုးဝင်း၊ ခင်မောင်လွင်၊ ဟန်ဝင်းအောင်၊ စိုးသီဟအောင်၊ အောင်မိုး၊ အောင်မြင့်အေး၊ ဇော်ထက်အောင်၊ ထွန်းထွန်းဝင်း၊ အောင်မျိုးသန့်၊ ပိုင်စိုး၊ မျိုးမင်းထွန်း၊ ရာဇာဝင်းသိန်း၊ အောင်ကျော်မျိုး၊ စည်သူသန်း၊ ကျော်သီဟနှင့် ဘိုဘိုအောင်တို့ ပါဝင်လာကြသည်။

ထို့အပြင် အမှတ်ပေးပြိုင်ပွဲတွင် ခြေစွမ်းပြကစားခဲ့ကြသော ဆောက်လုပ်ရေးမှ တင်ဇော်မိုး၊ Air Bagan မှ တင်ဝင်းအောင်နှင့် အောင်သိုက်၊ ဆောက်လုပ်ရေးမှ မျိုးဝင်းထွဋ်၊ ပို့ဆောင်ရေးမှ ပြည့်ဖြိုးဦး၊ ကာကွယ်ရေးမှ ရဲဝေယံစိုး၊ စီးပွား/ကူးသန်းမှ ထူးကျော်နှင့် သစ်တောမှ ခိုင်ဇော်ထွန်းတို့လည်း လူရွေးပွဲအတွက် ရွေးချယ်ခံထားရသည်။ ရွေးချယ်ထားသော ကစားသမား ၄၇ဦးကို နှစ်သင်းခွဲ၍ သုံးပွဲကစားမည်ဖြစ်ပြီး ယင်းမှ ပဏာမလက်ရွေးစင်အသင်းကို ဖွဲ့စည်းကာ မတ် ၈ ရက်မှ စတင်စခန်းဝင် လေ့ကျင့်ပြင်ဆင်သွားမည်ဖြစ်သည်။

ပါဝင်

လူရွေးပွဲအတွက် ရွေးချယ်ထားသော ကစားသမားများမှာ **ဂိုးသမား**- ကျော်ဇင်ထက်၊ဇော်မိုးထက်၊ ရဝေဇင်၊ ဟိန်းကျော်သူ၊ မျိုးကျော်အောင်၊ **နောက်တန်း**- ခင်မောင်လွင်၊ ဟန်ဝင်းအောင်၊ ဝင်းမင်းထွဋ်၊ ကျော်ကျော်မျိုး၊ လင်းလင်းထွေး၊ အောင်သိုက်၊ ဇော်မျိုးထွန်း၊ အောင်ကျော်ဦး၊ မိုးဝင်း၊ ကျော်ဇေယျာဝင်း၊ ဇော်ဇော်ဦး၊ မျိုးဝင်းထွဋ်၊ ဉာဏလွင်၊ အေးဆန်း၊ မျိုးဇော်ထွန်း၊ **အလယ်တန်း**-ထွန်းထွန်းဝင်း၊ မျိုးမင်းထွန်း၊ တင်ဇော်မိုး၊ ကောင်းမြတ်ဦး၊ စိုးမင်းနိုင်၊ အောင်သန်းဝင်း၊ တင်ဝင်းအောင်၊ ပိုင်စိုး၊ အောင်မျိုးသန့်၊ ထွန်းလင်းအောင်၊ ဇော်ထက်အောင်၊ အောင်မြင့်အေး၊ အောင်မိုး၊ စိုးသီဟအောင်၊ ကျော်ငွေးဦး၊ နေဇော်ထက်၊ **ရှေ့တန်း**-ရာဇာဝင်းသိန်း၊ ထူးကျော်၊ ခိုင်ဇော်ထွန်း၊ ဘိုဘိုအောင်၊ ကျော်သီဟ၊ တင်အောင်မိုး၊ စည်သူသန်း၊ အောင်ကျော်မျိုး၊ လှအေးထွေး၊ ရဲဝေယံစိုး နှင့် ပြည့်ဖြိုးဦးတို့ ပါဝင်ကြသည်။

(မြန်မာ့အလင်း)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရတနာပစ္စည်းများနှင့် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"**အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

၎င်းစေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ဖေဖော်ဝါရီလ ၂၁ရက်နေ့မှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ကုန်းတော်ရှိ ဓမ္မာရုံ၌ ကိန်းဝပ်ပူဇော်ခံလျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရတနာပစ္စည်းများနှင့်ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁)	စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တွင် ထည့်သွင်းပူဇော်ရန် ရတနာပစ္စည်းများ	ကိုယ်တိုင်ကိုယ်ကျ ထည့်သွင်းပူဇော်နိုင်ရန် ပန်းထိမ်အဖွဲ့များ တစ်ပါတည်း ထားရှိပေးမည်။
(၂)	ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ် ၁ ချပ် ကျပ် ၁၆၂၀၀၀၀ နှုန်း
(၃)	ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ် ၁ ချပ် ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တွင် ရတနာပစ္စည်းများ ထည့်သွင်းပူဇော်လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော်ကုန်းတော်၊ ဓမ္မာရုံရှိ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီသို့ ဆက်သွယ်၍ ပူဇော်လှူဒါန်းနိုင်ပါသည်။

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

မန်ယူအသင်း ကားလင်းဖလားဆွတ်ခူးပြီးနောက်ဝယ်....

မောင်မောင်မြင့်ဆွေ ရေးသား၍ ❖ ဟန်စိုး စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် မတ် ၂

ကားလင်းဖလားကို ဆွတ်ခူးရရှိပြီးနောက် မန်ယူအသင်း ယခုနှစ် ဘောလုံးရာသီမှာ ဆုဖလားအားလုံးရရှိနိုင်သည်ဟူသော သုံးသပ်မှုများရှိလာခဲ့ရာ ယင်းသုံးသပ်မှုနှင့်ပတ်သက်ပြီး မိမိနှင့်အတူ မန်ယူဘောလုံးသမားများအားလုံး စုစည်းညီညွတ်စွာကြိုးစားနေကြောင်း ဖာဂူဆန်က ထုတ်ဖော် ပြောကြားလိုက်ပါတယ်။

မန်ယူနည်းပြ ဖာဂူဆန်။

ပြောကြား

အိုးထရက်ဖို့ဒ်မှာ သတင်းထောက်တွေက နည်းပြ ဖာဂူဆန်အနေနဲ့ ကျန်တဲ့ အက်ဖ်အေဖလား၊ ချန်ပီယံလိဂ်ဖလားနဲ့ ပရီမီယာလိဂ်ဖလားတွေ ရယူဖို့နဲ့ ပတ်သက်ပြီး မေးမြန်းတဲ့အခါ "ဆုဖလားအားလုံးရယူဖို့ဆိုတာ ခက်ခဲတဲ့ကိစ္စပါပဲ၊ ဒါပေမယ့် ပရီမီယာလိဂ်ဖလားကို ကျွန်တော်တို့ကာကွယ်နိုင်ဖို့ အခြေအနေကောင်းတွေနဲ့ ကြုံတွေ့နေရပါပြီ။ ပရီမီယာလိဂ်ဖလားဟာ ကျွန်တော်တို့ လက်တစ်ကမ်းအကွာရောက်နေပြီ ဖြစ်တာမို့ ပွဲတိုင်း အမှားအယွင်းနည်းနိုင်သမျှ နည်းအောင်ကြိုးစားနေပါတယ်။ အက်ဖ်အေဖလားအတွက်ကလည်း မကြာခင်မှာ ကျွန်တော်တို့ ဖူလ်ဟမ်အသင်းနဲ့ ကစားရမှာပါ။ ဒီပွဲက သူတို့ကွင်းမှာ သွားကစားရမှာဆိုတော့ ကျွန်တော်တို့ အင်အားအပြည့် ကစားမှရမယ့် သဘောရှိတယ်" လို့ ဖာဂူဆန်က ပြောကြားလိုက်ပါတယ်။

မန်ယူအသင်းဟာ ဒီနှစ်ချန်ပီယံလိဂ်အတွက် နောက်ဆုံး ၁၆သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်အဖြစ် အင်တာမီလန်နဲ့ အိုးထရက်ဖို့ဒ်မှာ ယှဉ်ပြိုင်ကစားဖို့ ရှိနေပါတယ်။ အင်တာမီလန်ကွင်းမှာ ဂိုးမရှိသရေပွဲဖြစ်ခဲ့တဲ့အတွက် အိမ်ကွင်းမှာ နိုင်ပွဲရအောင် ခြေကုန်ထုတ် ကစားရမှာပါ။ ဒါမှလည်း ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ကို တက်ရောက်ခွင့်ရရှိမှာဖြစ်ပါတယ်။

အနေအထားရှိ

ဒီပွဲစဉ်နဲ့ပတ်သက်ပြီး "ချန်ပီယံလိဂ်ပွဲစဉ်တွေဟာ နိုင်ပွဲရဖို့ အတော်ကြိုးစားရတဲ့ အနေအထားရှိပါတယ်။ ပြိုင်ပွဲတိုင်း အနိုင်ရဖို့ဆိုတာကလည်း တော်ရုံအားထုတ်မှုနဲ့ မရနိုင်ပါဘူး။ ကျွန်တော်တို့ ကံကောင်းတာက အမာခံဘောလုံးသမားတွေ ပွဲပယ်ဒဏ်ရာရမှုတွေ မရှိတာဖြစ်ပါတယ်" လို့ ဖာဂူဆန်က ပြောကြားခဲ့ပါတယ်။

အသိအမှတ်ပြု

ကားလင်းဖလားဆွတ်ခူးနိုင်မှုနဲ့ ပတ်သက်ပြီးလည်း "ဒီပွဲမှာ ဂိုးသမား ဘင်ဖော်စတာရဲ့ အားထုတ်မှုကို အသိအမှတ်ပြုရမှာပါ၊ သူဟာ ပွဲချိန်အတွင်းမှာ အပိုင်ကန်သွင်းချက်တစ်လုံးနဲ့ ပယ်နယ်တီတစ်လုံးကို ကာကွယ်ပေးနိုင်ခဲ့လို့ပါပဲ၊ မန်ယူကလပ်မှာ ဖော်စတာရဲ့အနာဂတ်တောက်ပလာတော့မှာပါ" လို့လည်း ပြောကြားသွားပါကြောင်း။ ။

ကိုးကား-အင်တာနက်

ချန်ပီယံလိဂ်ကွာတားတက်ရေး ဝင်းဂါး ဖိအားပေးခံနေရ

လန်ဒန် မတ် ၂

ချန်ပီယံလိဂ် ကွာတားအဆင့်သို့ တက်ရောက်နိုင်ရေးနှင့် လွဲချော်နိုင်သည့် အခြေအနေအတွက် ဖိအားပေးခံနေရကြောင်း အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက ချန်ပီယံလိဂ်နှင့်ပတ်သက်ပြီး ပထမဆုံးအကြိမ်အဖြစ် ဖွင့်ဟပြောကြားသည်။

မိမိအနေဖြင့် စိုးရိမ်နေမိကြောင်း၊ ယင်းသည်ပင် မိမိအတွက် ထိုးနှက်မှုတစ်ခုဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၈ရက်ညက ဖူလ်ဟမ်နှင့် ဂိုးမရှိသရေကျပြီးနောက် ဝင်းဂါးက ထုတ်ဖော်ပြောကြားခဲ့သည်။ အာဆင်နယ်အသင်းသည် အက်စ်တွန်ဗီလာ၏ နောက်တွင် ငါးမှတ်အကွာဖြင့် ပဉ္စမနေရာ၌ ရပ်တည်နေပြီး ၁၅နှစ်တာ ကာလအတွင်း ပရီမီယာလိဂ် နောက်ဆုံးလေးနှစ်တွင် အဆိုးရွားဆုံးအခြေအနေသို့ ရောက်ရှိနေသည်ဟု သတင်း၌ ဖော်ပြသည်။

(အင်တာနက်)

ချယ်လ်ဆီးအသင်းသရေဖူရယူနိုင်ဆဲဟု ဟစ်ဒင့် ပြောကြား

လန်ဒန် မတ် ၂

ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ်သရေဖူကို ရယူနိုင်သည့် အခြေအနေတွင် ရှိနေဆဲပင်ဖြစ်ကြောင်း၊ ဝီဂန်အား အိမ်ကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီးနောက် နည်းပြဂူဟစ်ဒင့်က ပြောကြားခဲ့သည်။

ယင်းပွဲစဉ် အနိုင်ရရှိခဲ့ခြင်းဖြင့် ချယ်လ်ဆီးသည် ပွဲစဉ်တစ်ပွဲယှဉ်ပြိုင်ကစားရန် ကျန်ရှိနေသေးသော ပရီမီယာလိဂ်ဇယားထိပ်မှ မန်ယူ၏နောက်မှ ခုနစ်မှတ်အကွာဖြင့် ဒုတိယနေရာတွင် ရပ်တည်နေသည်။

(အင်တာနက်)

ဒူဘိုင်းချန်ပီယံရှစ်တင်းနစ်ပြိုင်ပွဲ ဒီဂျိုကိုဗစ် သရဖူဆွတ်ခူး

လန်ဒန် မတ် ၂

ကမ္ဘာ့အဆင့်(၃)ရှိ တင်းနစ်အကျော်အမော် နိုဗက်ဒီဂျိုကိုဗစ်**(အပေါ်ပုံ)**သည် ဒူဘိုင်းချန်ပီယံရှစ်တင်းနစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ပြိုင်ဘက်ဖြစ်သူ ဒေးဗစ်ဖာရဲရားအား ၇-၅၊ ၆-၃ဖြင့် အနိုင်ရရှိကာ သရဖူဆွတ်ခူးနိုင်ခဲ့သည်။

ဒီဂျိုကိုဗစ်သည် ပထမပွဲစဉ်တွင် စပိန်အဆင့်(၄)ရှိ တင်းနစ်သမား ဖာရဲရားအား ခက်ခက်ခဲခဲယှဉ်ပြိုင်ခဲ့ရပြီး နောက်ပိုင်းပွဲစဉ်များတွင် တဖြည်းဖြည်း အသာစီးရကာ သရဖူဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

(အင်တာနက်)

လက်ဝှေ့ကျော် မွန်ရီး သရဖူကာကွယ်နိုင်ခဲ့

လန်ဒန် မတ် ၂

လက်ဝှေ့ကျော် ရင်ဒေါလ်မွန်ရီးသည် ဘန်စလေမြို့ မက်ထရိုဒိုမီ အားကစားရုံကြီး၌ ကီကိုမာတီနက်ဇ်အား အနိုင်ထိုးသတ်ပြီး ၎င်း၏ ဥရောပ စူပါဘင်တန်ဝိတ် သရဖူကို ပြတ်ပြတ်သားသား ကာကွယ်နိုင်ခဲ့သည်။

စပိန်လက်ဝှေ့သမား မာတီနက်ဇ်သည် လွန်ခဲ့သည့် တစ်နှစ်ကျော်က နော့တင်ဟမ်မြို့တွင် လီဆက်စတာမြို့သား မွန်ရီးအား ရှုံးနိမ့်ကာ လက်လွှတ်ခဲ့ရသော ၎င်း၏ သရဖူကို ပြန်လည်ရယူရန် ကြိုးစားသည့် ယခုပွဲစဉ်တွင် ထပ်မံရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

ကင်မရွန်းနှင့်ဘာစီလိုနာတိုက်စစ်မှူး အီတူး လက်ရှိအသင်း၌သာ ကစားလိုကြောင်း ဖွင့်ဟ

လန်ဒန် မတ် ၂

လာမည့်အနာဂတ်တွင် လက်ရှိ ဘာစီလိုနာအသင်း၌သာ ဆက်ကစားလိုကြောင်း ကင်မရွန်းနှင့် ဘာစီလိုနာတိုက်စစ်မှူး အီတူး **(ယာပုံ)**က ဖွင့်ဟပြောကြားခဲ့သည်။

လာလီဂါထိပ်တန်းတိုက်စစ်မှူး အီတူးက ၎င်းအနေဖြင့် ဘာစီလိုနာအသင်းနှင့် စာချုပ် ချုပ်ဆိုထားသည့် ၂၀၁၀ပြည့်နှစ်အထိ စာချုပ်သက်တမ်းကုန်လွန်သည့်တိုင်အောင် အသင်းက ခွင့်ပြုပါက ဘာစီလိုနာအသင်း၌သာ ဆက်လက်ကစားလိုကြောင်း ဒေသတွင်း ရုပ်မြင်သတင်းဌာနသို့ ထုတ်ဖော်ပြောကြားသည်။

(အင်တာနက်)

ပြေးခုန်ပစ်မယ် အင်းနစ် ကာဒစ်ဖ်ပြေးခုန်ပစ်၌ ယှဉ်ပြိုင်မည်

လန်ဒန် မတ် ၂

အိုလံပစ်အားကစားပြိုင်ပွဲနှင့် လွဲချော်ခဲ့မှုကြောင့် စိတ်ပျက်ခဲ့ရာမှ စိတ်ဓာတ်ပြန်လည်ကြံ့ခိုင်အောင် ပြန်လည်ပြင်ဆင်ထားသော ဟက်တာသလွန် အားကစားမယ် ဂျက်ဆီကာအင်းနစ်သည် ဗြိတိန်နိုင်ငံ ကာဒစ်ဖ်မြို့၌ ကျင်းပမည့် အင်ဒိုးချဲလင့်ဂျ် ပြေးခုန်ပစ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း သိရသည်။

အသက် ၂၃နှစ်ရှိသော ခေသဟာယ ပြေးခုန်ပစ် ကြေးတံဆိပ်ဆုရှင် အင်းနစ် (အောက်ပုံ)**သည် ပြင်းထန်သော ဒူးဒဏ်ရာကြောင့် ပေကျင်းအိုလံပစ်နှင့်လွဲချော်ခဲ့ရသူ ဖြစ်သည်။**

(အင်တာနက်)

ဘယ်လာမီ ဒူးဒဏ်ရာကြောင့် ဗီလာပွဲစဉ်နှင့် လွဲချော်ဖွယ်ရှိ

လန်ဒန် မတ် ၂

ဝေလလက်ရွေးစင်နှင့် မန်စီးတီး တိုက်စစ်မှူး ခရစ်ဘယ်လာမီသည် ဝက်စ်ဟမ်းနှင့် ယှဉ်ပြိုင်ကစားခဲ့သော ပွဲစဉ်တွင် ဒူးခေါင်း ဒဏ်ရာရခဲ့မှုကြောင့် မတ် ၁ရက်က လန်ဒန်မြို့တွင် အထူးကုနှင့် ပြသကာ ဒဏ်ရာအတိုင်းအဆကို အဖြေရှာနေရဆဲဖြစ်ကြောင်း သတင်း၌ ဖော်ပြသည်။

ဝက်စ်ဟမ်းအား တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သော ယင်းပွဲစဉ်၌ ဘယ်လာမီသည် ၆၆မိနစ်တွင် ဒူးဒဏ်ရာရရှိကာ လူစားလဲခဲ့ရပြီး မတ် ၄ရက်၌ အက်စ်တွန်ဗီလာအိမ်ကွင်း၌ သွားရောက်ယှဉ်ပြိုင်ရမည့် ပွဲစဉ်တွင် ပါဝင်နိုင်ရေးမှာ မသေချာတော့ဟု ဆိုသည်။

(အင်တာနက်)

ချစ် စိုး နိုင်
စု စည်း ရေး သား သည်

ပဲခူးတိုင်းတရားရုံး (တောင်ငူရုံးထိုင်) အဆောက်အအုံသစ်ဖွင့်

နေပြည်တော် မတ် ၂

ပဲခူးတိုင်း တရားရုံး(တောင်ငူရုံးထိုင်) အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၅ရက် နံနက်၉ နာရီက တောင်ငူမြို့ မြို့ကြီးရပ်ကွက်ရှိ အဆိုပါ အဆောက်အအုံရှေ့၌ ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်း၊ ဒုတိယ တရားသူကြီးချုပ် ဦးသိန်းစိုးနှင့် ဌာနဆိုင်ရာများတက်ရောက်ကြပြီး ဒုတိယ တရားသူကြီးချုပ်က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက်တိုင်းမှူးက အဆောက်အအုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းမှူးနှင့်ဒုတိယ တရားသူကြီးချုပ်တို့က အမှာစကား ပြောကြားကြပြီး တိုင်းတရားသူကြီးက အဆောက်အအုံဆောက်လုပ်ခဲ့မှု အခြေအနေကိုရှင်းလင်းတင်ပြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သာကေတ စာပေစာနယ်ဇင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် မတ် ၂

သာကေတမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ နှစ်ပတ်လည် လုပ်ငန်းဆိုင်ရာ အစည်းအဝေးကို မတ် ၂ရက်က မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံး၌ ကျင်းပရာ သဘာပတိ ဥက္ကဋ္ဌ သာရဝေါစိုးကြည် **(အောက်ပုံ)**နှင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း (ဗဟို)မှတက္ကသိုလ်တင်ခတို့က အမှာစကား ပြောကြားသည်။

ထို့နောက် အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် ဘဏ္ဍာရေး အစီရင်ခံစာများကို ဖတ်ကြား တင်သွင်း အတည်ပြုချက် ရယူကြသည်။ ဆက်လက်၍ မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ကလှူဒါန်းသော စာစောင်များကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်မာမာဦးက လက်ခံယူသည်။ **(၁၁၆)**

ဖေဖော်ဝါရီ၂၂ရက်က ပညာရေးတက္ကသိုလ် ၁၉၇၅ ခုနှစ်ဆင်း ကျောင်းသား ကျောင်းသူဟောင်းများက လူမှုဝန်ထမ်းဦးစီးဌာန ကြည့်မြင်တိုင် မျက်မမြင်ကျောင်းသို့ မီးအားမြင့်စက်တစ်လုံးလှူဒါန်းရာ ကျောင်းအုပ်ဆရာကြီးဦးလွင်ဦးက လက်ခံယူစဉ်။ (မြို့နယ်/ပြန်ဆက်)

ကျေးဇူးတင်လွှာ

(အငြိမ်းစားတိုင်းမင်းကြီး၊ သိက္ခာတော်ရ ဆရာကြီး ဂျေအင်ဇော်ဆိုင်းနှင့် ဒူဂျန်ဖုန်ဂမ်လဖိုင်နန်ဆိုင်း)တို့၏ မြေး၊
ရန်ကုန်မြို့နေ
ဦးအေးသောင်း-ဒေါ်နန်းထုတို့၏
တစ်ဦးတည်းသောသား

မောင်စိုးထက်(ခ)အယ်လ်ဇော်ဂမ်အောင်

Second Year (Law)

နှင့်

နေပြည်တော်နေ
ဦးကျော်စိုးမြင့်(ရုံးအဖွဲ့မှူး၊ အားကစားဝန်ကြီးဌာန)-ဒေါက်တာလှလှငြိမ်းတို့၏
တစ်ဦးတည်းသောသမီး

မခင်စန္ဒာစိုး(ခ)မမေစိုး

B.M Tech(Physiotherapy)

တို့၏ ၂၁-၂-၂၀၀၉ရက်တွင် ဓမ္မလေ့လာဘုရားရှိခိုးကျောင်း၌ လက်ထပ်ထိမ်းမြားမင်္ဂလာပြုလုပ်ပေးသည့် သိက္ခာတော်ရ ဆရာကြီး Dr. Paul F Johns နှင့် သိက္ခာတော်ရဆရာကြီးများအားလည်းကောင်း၊ အသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးပါသော ဦးဘရန်တောင်နှင့်ဇနီး ဒေါ်အင်ဂျာဘန်၊ အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် ဇနီး ဒေါ်အယ်လ်ခွန်းရီတို့အားလည်းကောင်း၊ Chatrium Hotel၌ ကျင်းပခဲ့သော မင်္ဂလာဧည့်ခံပွဲသို့ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ခဲ့ပါသော အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများအားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်၊ ဇနီးဒေါ်အေးအေးနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာသြဝါဒစကား ချီးမြှင့်ပေးပါသော မြောက်ဥက္ကလာပ နှစ်ခြင်းအသင်းတော်မှ သိက္ခာတော်ရဆရာကြီးဦးမြင့်လွင်နှင့် ဓမ္မလေ့လာနှစ်ခြင်းအသင်းတော်မှ သိက္ခာတော်ရဆရာကြီး Dr. Paul F Johns ၊ မင်္ဂလာအခမ်းအနားမှူး သိက္ခာတော်ရဆရာကြီး Dr. Yaw Lah တို့အားလည်းကောင်း၊ မင်္ဂလာကိတ်မုန့်လှီးဖြတ်ချီးမြှင့်ပေး ပါသော ဗိုလ်မှူးချုပ်မျိုးတင့်(အငြိမ်းစား)၊ ဇနီးဒေါ်ဟယ်လင်တို့အားလည်းကောင်း၊ Chatrium Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာလက်ထပ်ပွဲနှင့် မင်္ဂလာဧည့်ခံပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးသော ကျေးဇူးတင်ထိုက်သူများ အားလုံးအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်စိုးထက်-မခင်စန္ဒာစိုး။

(၅၁)နှစ်မြောက် ရွှေရတုမင်္ဂလာဆုတောင်း

အမေရိကန်နိုင်ငံ၊ Ohio ပြည်နယ်၊ Cincinnati မြို့နေ **ဖေဖေ ဦးလှမြင့်** [ရဲဝန်ထောက်-ငြိမ်း၊ Senior Administrative Officer (U.N. H.C.R) Rtd.] နှင့် **မေမေ ဒေါ်မြလေး** တို့၏ ၂၀၀၉ မတ်လ၃ရက်တွင် ကျရောက်သော (၅၁)နှစ်မြောက် ရွှေရတုမင်္ဂလာနှစ်ပတ်လည်မှသည် စိန်ရတု နှစ်တစ်ရာတိုင်အောင် သားသမီး မြေးတစ်စုတို့နှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ ဆင်နွှဲနိုင်ပါစေသော်။

သားကြီး - ကိုကိုသော်-ယုယုနိုင်၊ မြေးလတ် William မင်းသော်
(Cincinnati, Ohio, USA)

သားလတ် - ထင်အောင်ကျော်-မိုးမိုးဇော်၊ မြေးကြီး George စန်းယုထင်ကျော်၊
မြေးထွေး မေသစ္စာကျော် (Rockville, Maryland, USA)

သမီးငယ် - Dr. မြစပယ်၊ မြေးငယ် Samuel စည်သူနောင်၊ Steven ဇေယျာနောင်
(Cincinnati, Ohio, USA)

ပညာပေးဟောပြော

ဗဟန်းမြို့နယ် ကြားတောရ ရပ်ကွက်၌ မူခင်းကင်းမဲ့ဇုန်အဖြစ် မြို့နယ် ရဲတပ်ဖွဲ့က ဆောင်ရွက်လျက်ရှိရာ မူခင်းကင်းမဲ့ရေးနှင့် မူခင်းကျဆင်းရေးပညာပေးဟောပြောပွဲကို မတ် ၁ရက်က ရွှေနံ့သာရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးတင်ဇော်ထွန်း ပညာပေးဟောပြောစဉ်။
(မြို့နယ်ရဲတပ်ဖွဲ့)

လက်ထပ်မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဦးထင်ကျော်(အင်ဂျင်နီယာချုပ်၊ ငြိမ်း၊ ကုန်းလမ်းပို့ဆောင်ရေး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)-
ဒေါ်သန်းသန်းဆင့်တို့၏ တစ်ဦးတည်းသောသား

မောင်စည်သူထင်ကျော်

B.Sc, Engg.(IT)

နှင့်

နေပြည်တော်နေ
ဗိုလ်ချုပ်မောင်မောင်ဆွေ(ဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)-ဒေါ်တင်တင်နွဲ့တို့၏ တစ်ဦးတည်းသောသမီး

မအိသက်သက်ဆွေ

B.A (Eco), BBS, MPA

တို့၏ ၁၄-၂-၂၀၀၉ရက်(စနေနေ့) Mya Yeik Nyo Royal Hotel မင်္ဂလာခန်းမ၌ ကျင်းပပြီးစီးသော စုလျားရစ်ပတ် ထိမ်းမြားမင်္ဂလာပွဲနှင့် လက်ထပ်မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲ၊ ၂၂-၂-၂၀၀၉ ရက်(တနင်္ဂနွေနေ့)ရွှေသုဝဏ်ကျောင်းတိုက်၌ ကျင်းပပြီးစီးသော မင်္ဂလာဦးဆွမ်းကျွေးပွဲ၊ ၁-၃-၂၀၀၉ရက် (တနင်္ဂနွေနေ့) Sedona Hotel မင်္ဂလာခန်းမ၌ ကျင်းပပြီးစီးသော မင်္ဂလာဧည့်ခံပွဲတို့တွင် ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးများ၊ အဘက်ဘက်မှဝိုင်းဝန်း ကူညီပေးသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများ အားလုံးအားလည်းကောင်း လှိုက်လှဲစွာ အထူးကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်စည်သူထင်ကျော်-မအိသက်သက်ဆွေ။

စုလျားရစ်ပတ် ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အင်းစိန်လမ်း၊ အမှတ် ၂၉နေ
ဦးတင်ဝင်း(China Airlines)-ဒေါ်သင်းသင်းရီတို့၏
တစ်ဦးတည်းသောသား

မောင်ပြည့်စုံဝင်း

B.Sc (Maths) Dip in I.C.T, Dip in Electronics
(Thai Airways International)

နှင့်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အလုံလမ်း၊ အမှတ် ၁၅၄နေ
ဦးစံလွင်-ဒေါ်သီဂီသန်း(Kan Group အထည်ဆိုင်၊ မင်္ဂလာဈေး)တို့၏
တစ်ဦးတည်းသောသမီး

မချစ်စုလွင်

B.Sc (Maths), B.Sc (Engineering Chemical Technology)
Kan Group အထည်ဆိုင်(မင်္ဂလာဈေး)

တို့၏ ၂၅-၂-၂၀၀၉ရက်(ဗုဒ္ဓဟူးနေ့)တွင် နေအိမ်၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော ရန်ကုန်တိုင်းတရားသူကြီး ဦးဝင်းမြင့်အားလည်းကောင်း၊ ၂-၃-၂၀၀၉ရက် (တနင်္လာနေ့)တွင် Sedona Hotel(Grand Ballroom) ၌ကျင်းပသော စုလျားရစ်ပတ်ထိမ်းမြား မင်္ဂလာပွဲအခမ်းအနားတွင် စုလျားရစ်ပတ် လက်ထပ်ပေးသော အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ ဦးညွန့်ဌေး-သီရိသုဓမ္မသီဂီဒေါ်နီလာရွှေ (ကြာငါးခိုင်သက်န်းတိုက်)အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်း ချီးမြှင့်ပေးသော ဒေါက်တာ ဦးစိုးထွဋ်(Ship Doctor, Star Cruises Co., Ltd.)-ဒေါ်စန်းစန်းလှအားလည်းကောင်း၊ မင်္ဂလာလက်စွပ် ဆင်မြန်းပေးသော ဦးစိန်မင်း(Elegance Jewellery)-ဒေါ်အေးမွန်မွန်(နှစ်သက်စရာရတနာ)၊ မင်္ဂလာ အခမ်းအနားသို့ကြွရောက်ချီးမြှင့်ကြပါသော အနယ်နယ်အရပ်ရပ်မှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဇနီးများအားလည်းကောင်း၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ကိုယ်တိုင်တက်ရောက်မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မကြည်သာမင်းမွန်၊ မင်္ဂလာစံပယ်ပန်းကုံး ကိုင်ဆောင်ပေးသော မရည်မာမင်းမွန်၊ မင်္ဂလာပန်းခြင်း ကိုင်ဆောင်ပေးသော မရတနာအောင်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မယုနန္ဒာအောင်၊ သတို့သား အရံမောင်ကျော်ဇော်ထက်နှင့် မောင်သော်သော်အောင်၊ သတို့သမီးအရံ မချယ်ရီဘိုဘိုနှင့် မနီလာအောင်တို့ အားလည်းကောင်း၊ မင်္ဂလာဘိသိက်သွန်းပေးသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေး သီဆိုပေးသော တေးသံရှင်ဒေါ်တင်တင်မြနှင့် အေဝမ်းစိုးမြင့်အဖွဲ့အားလည်းကောင်း၊ မိတ်ကပ်အလှဖန်တီးရှင် စိုးစိုးနှင့် အဖွဲ့အားလည်းကောင်း၊ ပန်းအလှပြင်ပေးသော မစန်းစန်းဦး၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ပေးသော ကိုဝဏ္ဏခွါနီးနှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံ မမဥ္ဇူ၊ Sedona Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ မင်္ဂလာဧည့်ခံပွဲတွင် ဝိုင်းဝန်းကူညီပေးကြသည့် ဆွေမျိုး၊ မိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများ အားလုံးတို့ကိုလည်းကောင်း အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

မင်္ဂလာညစာစားပွဲ ကျေးဇူးတင်လွှာ

၂-၃-၂၀၀၉ရက်တွင် ရန်ကုန်မြို့ Western Park Royal ၌ကျင်းပသော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ နှစ်ဖက်သော မိဘဆွေမျိုး မိတ်သင်္ဂဟများအားလည်းကောင်း၊ မေတ္တာဖြင့်ကူညီပေးသော မင်္ဂလာအခမ်းအနားမှူး ဒါရိုက်တာညိုမင်းလွင်၊ မေတ္တာဖြင့်ကူညီပေးသော ကိုပေါက်(Jolly Bird Music Band)၊ Kan Group အထည်ဆိုင်မှ ဝန်ထမ်းများအားလည်းကောင်း၊ Western Park Royal မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ ကျေးဇူးတင်ထိုက်သူများ အားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ပြည့်စုံဝင်း-မချစ်စုလွင်။

အင်အားအနည်းငယ် မြေငလျင်လှုပ်

နေပြည်တော် မတ် ၂

မတ်၂ရက်က မြန်မာစံတော်ချိန် ၁၉ နာရီ ဝ၈မိနစ် ၁၁စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ တောင်ဘက်၆၅မိုင်ခန့် ကွာဝေးသော မြန်မာ့ ပင်လယ်ပြင်ကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ၆ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

အင်တာနက်ကျန်းမာရေး

အဝလွန်ခြင်းသည် ကင်ဆာရောဂါနှင့် ဆက်စပ်နေ

ခန္ဓာကိုယ်အလေးချိန် သာမန်ထက် ပိုမိုများပြားခြင်းသည် ကင်ဆာရောဂါဖြစ်ပွားရန် အခွင့်အလမ်းများစေကြောင်း ကနေဒါ သုတေသနပညာရှင်က သတိပေး ပြောကြားလိုက်သည်။

ဖြစ်ပွားနိုင်

ခန္ဓာကိုယ်အတွင်း ကိုလက်စထရောများခြင်းကြောင့် သွေးတိုးနှင့် ဆီးချိုတို့ ဖြစ်ပွားစေနိုင်သည့်အပြင် အူမကြီးကင်ဆာ၊ အဆုတ်ကင်ဆာနှင့် အခြားကင်ဆာရောဂါများကို ဖြစ်ပွားစေနိုင်သည်ဟု ၎င်းတို့က ဆက်လက်ပြောကြားသည်။

ထိခိုက်မှုဖြစ်

ကိုယ်အလေးချိန်များခြင်းကြောင့် ခန္ဓာကိုယ်အတွင်း ဆဲလ်အချို့ပျက်စီးစေပြီး ကိုယ်လက်စထရောများပြားကာ ခန္ဓာကိုယ်အတွင်း ဇီဝဖြစ်စဉ်ကို ထိခိုက်မှုဖြစ်စေကြောင်း သိရသည်။

ကိုယ်လက်လှုပ်ရှားမှု နည်းခြင်းသည်လည်း အဝလွန်စေသည့် အချက်တစ်ချက်ဖြစ်ကြောင်း၊ ခန္ဓာကိုယ်အလေးချိန် လျှော့ချခြင်းကို ထိန်းသိမ်းရမည်ဖြစ်ကြောင်း ကနေဒါသုတေသနပညာရှင်များက ဆက်လက်ပြောကြားသည်။

သုတေသနပြုခဲ့

အဝလွန်သူ ၁၈၀၀အား သုတေသနပြုခဲ့ရာ ၄၀ရာခိုင်နှုန်းသည် ကင်ဆာရောဂါဖြစ်ပွားရန် အခွင့်အလမ်းများနေကြောင်း သိရသည်။

ဘဝဒဿန

- ***Learning is not attained by chance. It must be sought for with ardor and attended to with diligence.***
- *အတတ်ပညာဟူသည်မှာ အခွင့်အရေးတစ်ရပ်အနေဖြင့် အလိုအလျောက် မရရှိနိုင်ပေ။ ပြင်းပြသောစိတ်ဆန္ဒဖြင့် ရှာဖွေလေ့လာရမည်ဖြစ်ပြီး လုံ့လထုတ်ကြိုးစားရမည့် အရာပင်ဖြစ်သည်။*

အဘီဂေးလ်အဒမ်စ်
(အမေရိကန်လူမျိုး အမျိုးသမီးစာရေးဆရာ)

အာကာသ သိပ္ပံ

အင်္ဂါဂြိုဟ် လမျက်နှာပြင်ကို လေ့လာရန် စက်ရုပ်ငယ်တစ်ခု နာဆာထုတ်လုပ်

အင်္ဂါဂြိုဟ်လ၏ မျက်နှာပြင်ကို သတင်းအချက်အလက်ပြည့်စုံစွာ လေ့လာနိုင်သော စက်ရုပ်ငယ်တစ်ခုအား နာဆာအဖွဲ့က ထုတ်လုပ်ကာ အာကာသယာဉ်အတွင်း ထည့်သွင်းစေလွှတ်မည်ဖြစ်ကြောင်း နာဆာ သုတေသနပညာရှင်များက ပြောကြားသည်။

သွားလာလှုပ်ရှားနိုင်

အင်္ဂါဂြိုဟ်လ၏မျက်နှာပြင်ကို လေ့လာမည့် စက်ရုပ်ငယ်သည် အမြင့် ၈ပေ ၅လက်မရှိပြီး အလေးချိန် ၁၆၅ ပေါင်လောက်ရှိသည်။ လူတစ်ဦးကဲ့သို့ သွားလာလှုပ်ရှားနိုင်သောစက်ရုပ်ဖြစ်သည်။

ဘီးများပါ

အဆိုပါ စက်ရုပ်ငယ်တွင် အနီအောက် ရောင်ခြည်သုံးကင်မရာ၊ အလင်းသိ မှတ်ဉာဏ်ပြား၊ ထူးခြားသည့်ပုံရိပ်ကိုချက်ချင်း ဓာတ်ပုံရိုက်ယူနိုင်သည့် စွမ်းအားမြင့် မှန်ဘီလူးများပါရှိသော ကင်မရာ၊ မြေမျက်နှာပြင် အနေအထားအမျိုးမျိုးကို သွားလာလှုပ်ရှားနိုင်သော ဘီးများပါရှိသည်။

သုတေသနပြု

အင်္ဂါဂြိုဟ်လမျက်နှာပြင်တွင် ဖြစ်ပေါ်နေသော ရာသီဥတုအခြေအနေနှင့် ဓာတ်ငွေ့များ ထွက်ရှိမှုအပြင် အင်္ဂါဂြိုဟ်လမျက်နှာပြင်ပေါ်ရှိသည့် ကျောက်တုံး ကျောက်ခဲများကိုလည်း သုတေသနပြုကာ လေ့လာသွားမည်ဖြစ်ရာ တိကျသောသတင်းအချက်အလက်နှင့် ဓာတ်ပုံများကို နာဆာ မြေပြင်စခန်းသို့ ပြန်လည်ပေးပို့မည်ဖြစ်သည်။ **(အင်တာနက်)**



နိုင်ငံတကာ သတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ဘဝအမောပြေ

ဒါကြောင့်ပါ ....

ဖခင်ဖြစ်သူနှင့်အတူ ဘတ်စ်ကားစီးပြီး ပြန်လာသော သားငယ်က မိခင်ဖြစ်သူအား ပြောပြလေသည်။

သားငယ် ။ ။ မာမီ့ကို ပြောရဦးမယ်။
မိခင် ။ ။ ဘာများလဲ သားရယ်...
သားငယ် ။ ။ ဘတ်စ်ကားပေါ်မှာ ဒယ်ဒီနဲ့သား ထိုင်ပြီးစီးလာကြတယ်။
မိခင် ။ ။ အဲဒီတော့ ဘာဖြစ်လဲ...
သားငယ် ။ ။ အမျိုးသမီးတစ်ဦး တက်လာတော့ ဒယ်ဒီက သားကို နေရာဖယ်ပေးလိုက်ပါလို့ ပြောတော့ သားကထပြီး နေရာဖယ်ပေးလိုက်တယ်။
မိခင် ။ ။ ကောင်းတာပေါ့ကွယ်။
သားငယ် ။ ။ ဒါပေမယ့်... အဲဒီ အမျိုးသမီးနဲ့ ဒယ်ဒီ တွဲထိုင်ပြီးနောက်မှာ ဒယ်ဒီက သားကို စကားမပြောတော့ဘဲ မသိသလိုနေလာလိုက်တာ တစ်လမ်းလုံးပဲ။
မိခင် ။ ။ 'ဘာ'

ကမ္ဘာ့အထင်ကရ ပုဂ္ဂိုလ်

ဓာတ်စက်နှင့် ဓာတ်ပြားကို တီထွင်ခဲ့သူ အီမီလီဘာလီနာ (၁၈၅၁-၁၉၂၉)

အီမီလီဘာလီနာ **(ယာပုံ)**ကို ဂျာမနီနိုင်ငံ ဟန်နိုဗာမြို့၌ ၁၈၅၁ခုနှစ် မေ၂၀ရက်တွင် မွေးဖွားခဲ့သည်။ အီမီလီသည် ဆမ်မြူရယ် ဘာလီနာနှင့် ဘာရက်ချ်ဖရစ်ဒ်မန်ဘာလီနာတို့၏ သားသမီး ၁၃ဦးအနက်မှ တစ်ဦးဖြစ်သည်။ မွေးချင်း ၁၃ဦးအနက် နှစ်ဦးမှာ မွေးကင်းစကပင် သေဆုံးသွားခဲ့သည်။ အီလီနာ၏ ဖခင်သည် ကုန်သည်တစ်ဦးနှင့် ရှေးဟောင်းဓလေ့ထုံးတမ်းဥပဒေဆိုင်ရာ ပညာသင်ဆုရကျောင်းသားတစ်ဦးဖြစ်ပြီး မိခင်မှာ အပျော်တမ်း တေးဂီတပညာရှင်တစ်ဦးဖြစ်သည်။

ဖော်ပြ

ဟန်နိုဗာမြို့တွင် နှစ်အနည်းငယ် ကျောင်းတက်ပြီးနောက် အီမီလီအား ဆမ်ဆင်စချူလီတက္ကသိုလ်သို့ တက်ရောက်နိုင်ရန်အတွက် မိဘများက ဝုဖင်ဘတ်တဲလ်မြို့သို့ စေလွှတ်ခဲ့သည်။

အီမီလီသည် အသက် ၁၄နှစ်အရွယ် ၁၈၆၅ခုနှစ်တွင် ယင်းတက္ကသိုလ်မှ ဘွဲ့ရရှိခဲ့သည်။ ဘွဲ့ရရှိပြီးနောက် သူ၏ သင်ရိုးသင်စဉ် ပညာရေးမှာလည်း ဆုံးခန်းတိုင်သွားခဲ့ကြောင်း သူကိုယ်တိုင်ရေး မှတ်တမ်းများ၌ ဖော်ပြသည်။

ထွက်ခွာ

အီမီလီသည် နောက်ပိုင်းနှစ်များအတွင်း သူ၏ မိသားစုကြီးအား ထောက်ပံ့အကူအညီပေးနိုင်ရန် ဟန်နိုဗာ၌ အလုပ်မျိုးစုံ လုပ်ကိုင်ခဲ့သည်။ စောစောပိုင်းနှစ်များကတည်းက အမေရိကန်နိုင်ငံတွင် သွားရောက်အခြေစိုက်ကာ ကုန်တိုက်များကို ပိုင်ဆိုင်ခဲ့သူ ဘက်ချ်ရင်းဒ်ဆိုသူက အီမီလီအား သူ၏ ကုန်တိုက်တွင် စာရေးလုပ်ရန် ကမ်းလှမ်းခဲ့သည်။ ထိုအချိန်က ပြင်သစ်-ပရပ်ရှား စစ်ပွဲဖြစ်ပွားနေစဉ် ကာလများဖြစ်ရာ လူငယ် အများစုက စစ်မှုထမ်းတာဝန်ကို ရင်ဆိုင်နေရသည်။ ထို့ကြောင့် အီမီလီသည် ယင်းတာဝန်မှ လွတ်မြောက်နိုင်ရန် အမေရိကန်တွင် သွားရောက်အခြေစိုက်ခွင့်ပြုရန် မိဘများအား ခွင့်တောင်းခံခဲ့သည်။ သူသည် ၁၈၇၀ပြည့်နှစ် မတ်လနှောင်းပိုင်းတွင် ဟန်နိုဗာမှ အမေရိကန်သို့ ထွက်ခွာခဲ့သည်။

လုပ်ကိုင်ခဲ့

အီမီလီ အလုပ်လုပ်ရန် လျာထားသော စတိုးဆိုင်မှာ အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တွင်ရှိသည်။ သူသည် နယူးယောက်စီးတီးတွင် ပိုမိုကောင်းမွန်သောအခွင့်အရေးကို စောင့်ဆိုင်းရန် ဆုံးဖြတ်ခဲ့သည်။ ၁၈၇၃ခုနှစ်တိုင်အောင် ဂေါ့သက်ဖ်၊ ဘက်ချ်ရင်နှင့် ကုမ္ပဏီတွင် စာရေးအဖြစ် သုံးနှစ်ကြာ အလုပ်လုပ်ကိုင်ခဲ့သည်။ အီမီလီသည် ဘဝတိုးတက်ရာ တိုးတက်ကြောင်းအတွက် ညပိုင်းမှာ ကူးပါးတက္ကသိုလ်၌ ပညာသင်ကြားနေချိန်တွင် နေ့ပိုင်း၌ ကြီးလေးသော လုပ်ငန်းများကို လုပ်ကိုင်ခဲ့ရသည်။

ဖန်တီးခဲ့

မီဝေါ်ကီအရပ်တွင် တည်ထောင်ခဲ့သော အမျိုးသားများအတွက် အိမ်ထောင်ပရိဘောဂဆိုင်တွင် ခရီးသွားလှည့်လည်လုပ်ကိုင်ရသော အရောင်းမြှင့်တင်ရေး ဝန်ထမ်းအဖြစ် ခေတ္တလုပ်ကိုင်ခဲ့ပြီးနောက် အီမီလီသည် နယူးယောက်မြို့သို့ ပြန်လာခဲ့ရာ ဆေးသကြားကိုရှာဖွေ တွေ့ရှိခဲ့သူ ကွန်စတန်တိုင်းဖက်ချ်လဘတ်ဂ်၏ ဓာတ်ခွဲခန်းတွင် အလုပ်ရရှိခဲ့သည်။ ဓာတ်ခွဲခန်းတွင် သုတေသနလုပ်ဆောင်ခဲ့ခြင်း အတွေ့အကြုံသည် အီမီလီ၏ ရည်မှန်းချက်ကို စိတ်အားတက်ကြွစေပြီး သိပ္ပံ၊ သုတေသနနှင့် တီထွင်မှုတို့တွင် အောင်မြင်မှုရရေးအတွက် ရေခဲ့မြေခဲ့ ကြိုးစားရန် ဆုံးဖြတ်ခဲ့သည်အထိ ကံတရားက ဖန်တီးခဲ့ခြင်းဖြစ်သည်။

မှတ်ပုံတင်ခဲ့

၁၈၇၆ ခုနှစ်တွင် အီမီလီသည် ဝါရှင်တန်ရှိ ဘားနတ်နှင့်ကုမ္ပဏီသို့ ပြန်လာပြီး သူ၏ စာရေးလုပ်ငန်းကို ပြန်လည် လုပ်ကိုင်ခဲ့သည်။ ယင်းနှစ်တွင်ပင် တယ်လီဖုန်းအသံဖမ်းစက်ကို တီထွင်ကာ အမေရိကန်ဘဲလ် တယ်လီဖုန်းကုမ္ပဏီအတွက် စတင်အလုပ် လုပ်ကိုင်ခဲ့သည်။ ၁၈၈၁ခုနှစ်တွင် ကိုရာအက်ဒ်လာနှင့် လက်ထပ်ခဲ့ပြီး အမေရိကန်နိုင်ငံသား ဖြစ်လာသည်။ ၁၈၈၆ခုနှစ်တွင် ဓာတ်စက်ကို တီထွင်နိုင်ခဲ့ပြီး ၁၈၈၇ခုနှစ်တွင် ပထမဆုံးမူပိုင်ခွင့် မှတ်ပုံတင်ခဲ့သည်။

ဝင်ရောက်

၁၈၈၈ ခုနှစ်တွင် ဖီလာဒဲလ်ဖီးယားမြို့ရှိ ဖရန်ကလင်းတက္ကသိုလ်တွင် ဟောပြောပို့ချသရုပ်ပြမှုများကို အောင်မြင်စွာပြုလုပ်နိုင်ခဲ့သည်။ ၁၈၈၉ခုနှစ်တွင် ဂျာမဏီ၌ ဓာတ်စက်သရုပ်ပြပွဲသွား ရောက်လုပ်ကိုင်ခဲ့ပြီး ကမ်မီရာနှင့် ရိန်းဟတ်ကုမ္ပဏီများအတွက် ကစားစရာဓာတ်ပြားများနှင့် လက်လှည့်ဓာတ်ပြားများထုတ်လုပ်ပေးရန် သဘောတူညီခဲ့သည်။ ၁၈၉၀ပြည့်နှစ်တွင် ဂျာမနီ၌ ဓာတ်ပြားအငယ်များသာ ထုတ်လုပ်နိုင်ခဲ့သည်။ ၁၈၉၃ ခုနှစ်တွင် ဝါရှင်တန်ရှိ ဓာတ်စက်ကုမ္ပဏီမှတစ်ဆင့် ဓာတ်စက်အရောင်းဈေးကွက်အတွင်းသို့ ထိုးဖောက်ခဲ့သည်။

ကျော်ခိုင်းသွား

၁၈၉၅ခုနှစ်တွင် ဖီလာဒဲလ်ဖီးယားမြို့တွင် ဘာလီနာ ဓာတ်စက်ကုမ္ပဏီကို တည်ထောင်ခဲ့သည်။ ၁၈၉၉ခုနှစ်တွင် ၎င်း၏ ကုမ္ပဏီအား တရားမဝင်ယှဉ်ပြိုင်သော ဗိုက်တာဖုန်းနှင့် ဇိုနိုဖုန်း ကုမ္ပဏီတို့နှင့် တရားရင်ဆိုင်ခဲ့ရသည်။ ၁၉၀၀ပြည့်နှစ်တွင် အီမီလီ၏လုပ်ငန်းများ အကုန်ပိတ်ပစ်ခဲ့ရသည်။ သူ၏ မူပိုင်ခွင့်အရ အယူခံဝင်ခဲ့သေးသည်။ ၁၉၀၆ခုနှစ်တွင် အီမီလီသည် ရဟတ်ယာဉ် စတင် တီထွင်ခဲ့သည်။ ၁၉၀၉ခုနှစ်တွင် သူ၏ ရဟတ်ယာဉ်သည် လူနှစ်ဦးကို တင်ဆောင်မောင်းနှင်နိုင်ခဲ့သည်။ ၁၉၁၃ခုနှစ်တွင် ၎င်းအား ဖရန်ကလင်းတက္ကသိုလ်မှ အီလီယော့ထ်ခရက်ဆန်ဆုကို ချီးမြှင့်ခဲ့သည်။ ထို့အပြင် သူသည် ဆလင်ဒါမော်တာ မူပိုင်ခွင့်ရရှိခဲ့သည်။ ၁၉၂၄ ခုနှစ်တွင် ကျန်းမာရေး၊ ပညာရေး ဗျူရိုအဆောက်အအုံသစ်ကို အီမီလီ ဆောက်လုပ်တည်ထောင်ခဲ့သည်။ ဓာတ်စက်နှင့် ဓာတ်ပြားတီထွင်ခဲ့သူ အီမီလီဘာလီနာသည် ၁၉၂၉ခုနှစ် ဩဂုတ်၃ရက် အသက်၇၈နှစ်အရွယ်တွင် တီထွင်မှုလောကကို ကျောခိုင်းသွားခဲ့ပါကြောင်း။ ။

ကိုးကား-အင်တာနက် **ချစ်စိုးနိုင် ရေးသားသည်**

3-3 (15).pmd 1 3/3/2009, 1:57 AM

FTL

FATHER LAND CONSTRUCTION & DECORATION

DECORATION

- PAE
- Wallpaper

FATHER LAND

Decoration

DVD, 21" TV, 29" TV, 32" TV (LCD) Air-Con, Digital Camera

PAE

GSM

ယာဉ်မှတ်ပုံတင်လျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၃၄၃၄၅ Honda C90 ယာဉ်လက်ဝယ်ရှိသူ ဦးတင့်လွင် ၉/မနတ(နိုင်)၀၄၆၇၂၇က ယာဉ်မှတ်ပုံတင် စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့။**

ပုလောမြို့နယ်စက်တော်ရာ ဗုဒ္ဓပူဇနိယပွဲတော်ကြီး

တနင်္သာရီတိုင်း မြိတ်ခရိုင် ပုလောမြို့နယ်လုံးဆိုင်ရာ ကမ္ဘာ့လှတောင်၊ ပါဒစက်တော်ရာစေတီ ရွှေထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ၁၉-၃-၂၀၀၉ ရက်မှ ၂-၄-၂၀၀၉ ရက်အထိ ကျင်းပပြုလုပ်သွားပါမည်။

ဂေါပကအဖွဲ့။

သုစမျိုးသာ

Yan Aung

385499, 095107178, 095134248

ရွှေပန်းအိမ်

မူကြိုနှင့် နွေရာသီအထူးသင်တန်း

၅-၃-၂၀၀၉ရက် (ကြာသပတေးနေ့)စမည်။

အမှတ်(ယ-၃/၄၇)၊ လမ်းသွယ်(၉)၊ ၇၁-၇၂လမ်းကြား၊ ကျွဲဆည်ကန်။

ဖုန်း- ၀၉-၅၁-၃၀၉၁၇။

စာအုပ်စာပေ လှူမိတ်ဆွေ

ရောင်းမည်

TOYOTA CORONA (DIESEL)
TAXI COMFORT (အဝါရောင်)
အခွန်ကျေ၊ လိုင်စင်ဝင်ပြီး

ရုံးချိန် ဖုန်း- ၀၉-၉၀-၅၀၀၈၀၊ ၅၄၆၁၅၈။

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီး ဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက် သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။

တရားမပုံစံအမှတ်-၃၃

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)

ပဲခူးခရိုင်တရားရုံး နယ်တရားမရုံး၌

၂၀၀၉ ခုနှစ် တရားမကြီးအမှုအမှတ်-၅၃

မြန်မာ့စီးပွားရေးဘဏ်	**နှင့်**	၁။ ဒေါ်ဖွားရီ
ပဲခူးမြို့။		၂။ ဦးပန်းအောင်
တရားလို		**တရားခံများ**

၁။ဒေါ်ဖွားရီ ၂။ဦးပန်းအောင်၊ အမှတ်(၁၆၈)၊ ဗထူးလမ်း၊ (၂/၈)ရပ်ကွက်၊ ဥဿာမြို့သစ်၊ ပဲခူးမြို့နေ သိစေရမည်။

သင့်အပေါ်၌ တရားလိုဘဏ်က ချေးငွေ ၈၉၈၀၃၆၇ ကျပ် ၉၅ပြားအတွက် အပေါင်ဒီကရီ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၉ခုနှစ် မတ် ၁၈ရက် (၁၃၇၀ပြည့်နှစ် တပေါင်းလပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် သက်သေခံ စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ချိုမာလာ
ခရိုင်တရားသူကြီး
ပဲခူးခရိုင်တရားရုံး။

တရားမပုံစံအမှတ်-၃၃

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)

ပဲခူးခရိုင်နယ်တရားမရုံး၌

၂၀၀၉ ခုနှစ် တရားမကြီးအမှုအမှတ်-၁၁၀

မန်နေဂျာ	**နှင့်**	မသင်းသင်းစိုး
မြန်မာ့စီးပွားရေးဘဏ်		
ပဲခူးမြို့။		
တရားလို		**တရားပြိုင်**

အမှတ်(၁၆/၁၃၁)၊ သမိန်ဗရမ်းလမ်း၊ ရပ်ကွက်ကြီး ၈၊ ဥဿာမြို့သစ်၊ ပဲခူးမြို့နေ မသင်းသင်းစိုး သိစေရမည်။

သင့်အပေါ်၌ တရားလိုဘဏ်က ချေးငွေ ၈၅၆၇၆၄၇ကျပ် ၇၈ပြားအတွက် အပေါင်ဒီကရီရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၉ခုနှစ် မတ် ၃၀ရက်(၁၃၇၀ပြည့်နှစ် တန်ခူးလဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၂၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ချိုမာလာ
ခရိုင်တရားသူကြီး
ပဲခူးခရိုင်တရားရုံး။

တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဥက္ကံဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်မှုကို ဖေဖော်ဝါရီ ၃ရက်က အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် ဈေးသူဈေးသားများ ပူးပေါင်းဆောင်ရွက်ရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြင့်နိုင်ထွန်း၊ ဥက္ကံစည်ပင်ရုံးခွဲ တာဝန်ခံ ဦးသန်းရွှေနှင့် လက်ထောက်ညွှန်ကြားရေးမှူးတို့ ကြီးကြပ်ပေးစဉ်။

(မြို့နယ်စည်ပင်)

သဃ်န်းကျွန်း အထက(၄) မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် မတ် ၂

ယခင် အလက(၁) ယခု အထက(၄) သဃ်န်းကျွန်းကျောင်းတွင်(၁၉၈၅မှ ၂၀၀၈) အထိ ပညာသင်ကြားပေးခဲ့ကြသော အသက် ၆၀ပြည့် အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ကျောင်းသားကျောင်းသူဟောင်းများက စုပေါင်း၍ စတုတ္ထ အကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မတ် ၂၂ရက် နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအထိ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အဝေးရောက်ရှိနေသော သက်ပြည့်ဆရာ ဆရာမများ ဆက်သွယ်ကြပါရန်နှင့် ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ကျောင်းသား ကျောင်းသူဟောင်းများအားလုံး မပျက်မကွက်တက်ရောက် ပူဇော်ကန်တော့ကြပါရန် (သီးခြားဖိတ်စာမပို့ပါ)နှင့် အလှူငွေပါဝင်လှူဒါန်းလိုသူများသည် ဦးလှကြည်(ကျောင်းအုပ်ဆရာကြီး) ဖုန်း-၅၇၇၉၀၈၊ ဦးအောင်မြင့်သူ(ဥက္ကဋ္ဌ) ဖုန်း-၅၇၂၃၉၃၊ ဦးစိုးသူ ဖုန်း-၀၉-၅၀-၇၈၈၅၈၊ ဦးလမင်းထွန်း ဖုန်း-၀၉-၅၁-၀၉၉၄၁၊ ဦးသာနိုးသိန်း ဖုန်း-၅၇၀၄၀၃၊ ဒေါ်ရူပါခင် ဖုန်း-၀၉-၅၁-၆၄၈၂၆ နှင့် ဒေါ်ခင်မာညို ဖုန်း-၀၉-၅၀-၁၂၆၇၂ တို့သို့ ဆက်သွယ်နိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။

(ပညာရေး)

မြေဖို့ပြုပြင်ဆောင်ရွက်

သံတောင်ကြီးမြို့ အမှတ်(၃)ရပ်ကွက် လိပ်သိုလမ်းမတစ်လျှောက် ရေမြောင်းများ တူးဖော်ခြင်း၊ လမ်းမ မြေဖို့ပြုပြင်ဆောင်ရွက်မှုများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများဖြင့် ဇန်နဝါရီ ၂၉ရက်က စုပေါင်းဆောင်ရွက်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးစောခူးရီနှင့် အမှုဆောင်အရာရှိ ဦးကျော်စွာလင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ် ပြန်/ဆက်)

နေပြည်တော် ဥပ္ပါတသန္တိကုန်းတော်ပြင်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်နှင့် မြသပိတ်၊ ရွှေကြာသင်္ကန်းတော်ကပ်၊ ဗုဒ္ဓါဘိသေကအနေကဇာတင်

မဟာမင်္ဂလာအကြို အသံမစဲမဟာပဋ္ဌာန်းသိမ်းအောင်ပွဲ အခမ်းအနားကျင်းပ

ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်	စီးပွားရေးဦးတည်ချက်(၄)ရပ်	လူမှုရေးဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နေပြည်တော် မတ် ၂

နေပြည်တော် ဥပ္ပါတသန္တိကုန်းတော်ပြင်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်နှင့် မြသပိတ်၊ ရွှေကြာသင်္ကန်းတော်ကပ်၊ ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအကြို အသံမစဲမဟာပဋ္ဌာန်းသိမ်းအောင်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် အဆိုပါ စေတီတော်ရင်ပြင်ရှိ ဓမ္မာရုံ၌ ကျင်းပသည်။

တက်ရောက်ကြည်ညို

အဆိုပါ မဟာပဋ္ဌာန်းသိမ်းအောင်ပွဲ အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ နေပြည်တော်ပျဉ်းမနား မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ကဝိသာရ အမှူးပြုတော်မူသော ဆရာတော်ကြီးများနှင့် ပဋ္ဌာနဘာဏက သံဃာတော် ၁၈ပါးတို့ ကြွရောက်တော်မူကြပြီး ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ *စာမျက်နှာ ၃ ကော်လံ ၄* ▼

တနင်္သာရီတိုင်းအတွင်း ကူးလူးသွားလာရေး ချောမွေ့စေခဲ့သည့် ဘုတ်ပြင်းမြို့နယ်ရှိ လေညှာ-မဏ္ဍိုင်တံတားကြီး

ရန်ကုန် မတ် ၂

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်း ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်နယ်၊ တိုင်း ဒေသတစ်ခုနှင့်တစ်ခုအကြား ဆူကြံ့နိမ့်မြင့် ကွာဟနေမှုများ လျော့နည်းစေပြီး မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း စသည့်လုပ်ငန်းများကို ပြည်ထောင်စုတစ်ဝန်း၌ ဆက်စပ်အကောင်အထည်ဖော်လျက်ရှိရာ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကိုပါ တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။

စာမျက်နှာ ၉ ကော်လံ ၄ ●

သတင်းမှတ်စု-နုနုရီနှင့် တင်မာဝင်း
ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း
စာမျက်နှာဖွဲ့စည်းမှု-တိုးလွင်

3-3 (20).pmd 1 3/3/2009, 1:57 AM